မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၇၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်၊ ရွှေကြာသက်န်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြစဉ်။ (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ဝိဇယဘူမိ မဟာအောင်မြေ မင်္ဂလာကုန်းတော်ပေါ်၌ တည်ထားသည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် သံဃနာယကဆရာတော်ကြီးများ၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဥပဒေချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

20-3 (01).p65 1 1/2/32, 1:11 PM

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၀ ရက်)

အရည်အသွေးကောင်း အဆင့်မြင့်စက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသော စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစီအမံများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က စက်ရုံ၊ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် စက်မှုလုပ်ငန်းကြီးများ၏ နည်းပညာနှင့် ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရန်လည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။

ခေတ်မီစက်မှုနိုင်ငံအဖြစ် အကောင်အထည်ဖော်ရာတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ထူထောင်လျက်ရှိရာ ရေမြေအခြေအနေအရ စက်မှုကုန်ကြမ်းများ အလွယ်တကူရရှိနိုင်သည့် စက်ရုံအများအပြားနှင့် ခေတ်မီစက်မှုလုပ်ငန်းများ ပေါ်ထွက်လာနေသည်ကို တွေ့ရသည်။ အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် အကြီးစားစက်မှုလုပ်ငန်းများကို ထူထောင်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံပိုင်စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိက စက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ ယခုအခါ စက်မှုဇုန်၁၈ခုတွင် အကြီးစားစက်မှုလုပ်ငန်း ၁၆၅၄ခု၊ အလတ်စားစက်မှုလုပ်ငန်း ၂၄၁၆ခု၊ အငယ်စားစက်မှုလုပ်ငန်း၅၅၀၉ခု စုစုပေါင်းစက်မှုလုပ်ငန်း ၉၅၇၉ခု၌ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ၂၅ရက်နေ့က မန္တလေးစက်မှုဇုန်(၂)သို့ ရောက်ရှိစဉ် တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌–

"မန္တလေးစက်မှုဇုန်နှင့် အဆင့်တူသည့် အခြားစက်မှုဇုန်များသည် ယခုအခါ ပန်းပဲဖိုအဆင့်မှ လွန်မြောက်၍ ခေတ်မီစက်ကိရိယာပစ္စည်းများကို စတင်သုံးစွဲပြီး စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်လာနိုင်ပြီဖြစ်ကြောင်း၊ စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်နေသည့် အဆင့်မှနေ၍ အဆင့်မြင့်စက်ပစ္စည်းများကို ထုတ်လုပ်နိုင်သည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ရည်မှန်းချက်ရှိရှိ ကြိုးပမ်းအားထုတ်သွားကြရန်"

လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ထူထောင်ထားရှိသည့် စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့်အေးသာယာစက်မှုဇုန်တို့၌ သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ စက်ပစ္စည်းအစိတ်အပိုင်းများ၊ လယ်ယာသုံးအင်ဂျင်စက်ပစ္စည်းအစိတ်အပိုင်းများကို စတင်ထုတ်လုပ်နေပြီ ဖြစ်သည်။

ယခုအခါ လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ ပလတ်စတစ်စက်မှုလုပ်ငန်းများနှင့် စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး၊ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ရည်မှန်းချက်များဖြင့် လုပ်ကိုင်လျက်ရှိသည့်နည်းတူ သွင်းကုန်အစားထိုး စက်ကိရိယာများ ပိုမိုထုတ်လုပ်ရေး၊ စက်အရန်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် အဆင့်မြင့်စက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့ကိုလည်း အလေးထားကြိုးပမ်းကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံသစ်များနှင့် စက်မှုဇုန်များကို ထူထောင်အားပေးလျက်ရှိချိန်တွင် စက်မှုဇုန်များအနေဖြင့် အရည်အသွေးကောင်းမွန်သော အဆင့်မြင့်စက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အားနည်းချက်၊ အားသာချက်များသုံးသပ်ပြီး အလားအလာကောင်းများ အကောင်အထည်ဖော် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်စေရန် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်

ရန်ကုန် မတ် ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အောက်မြန်မာပြည် မန်နေဂျာများ၏ ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီးကအမှာစကားပြောကြားရာ၌ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး အလားအလာကောင်းများကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ဆောင်ရွက်ပေးသွားနိုင်မည့် ရှေ့လုပ်ငန်းစဉ်များကိုချမှတ်နိုင်စေရန် ယခုကဲ့သို့ နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များအနက် စီးပွားရေးဦးတည်ချက်များ ပြည့်မီစေရန် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေတောင့်တင်းခိုင်မာမှုသည် အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ကြောင်း၊ ခေတ်မီဘဏ်လုပ်ငန်း ဖြစ်ထွန်းစေရေးအတွက် ဝန်ထမ်းများက လုပ်ငန်းကျွမ်းကျင်မှု ဝန်ဆောင်မှုပေးရာတွင် မြန်ဆန်ချောမွေ့မှု၊ စိတ်စေတနာကောင်းဖြင့် ဆက်ဆံရေးပြေပြစ်မှု၊ နည်းပညာဆိုင်ရာ တိုးတက်မှုအရည်အသွေးများဖြင့် ပြည်သူလူထုအတွက် နိုင်ငံတကာအဆင့်မီ အကောင်းဆုံးဝန်ဆောင်မှုများ ပေးရမည်ဖြစ်သကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်ရေးကို အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းသုံးသပ်ချက်များဖြင့် ရှင်းလင်းတင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ်၁၄ရက်မှ ယနေ့အထိ ကျင်းပခဲ့ရာ မတ်၁၄ရက်တွင် ဘဏ်လုပ်ငန်းဆိုင်ရာ ဘာသာရပ်ခြောက်ခုကို စာတမ်းပြုစုရေးအတွက် စာတမ်းပြုစုရေးအဖွဲ့များက ညှိနှိုင်းဆွေးနွေးခြင်း၊ မတ်၁၅ရက်နှင့်၁၆ရက်တို့တွင် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရုံးများမှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မန်နေဂျာများနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ မတ်၁၇ရက်တွင် ဘာသာရပ်အလိုက် စာတမ်းဖတ်ပွဲနှင့် အကြိုညှိနှိုင်းဆွေးနွေးပွဲ မေးမြန်းချက်များကို ဖြေကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀–၃–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း–၇)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၂၅)

မတ် ၁၁ ရက်က ဖခင်ဦးစစ်ကျန်အားရည်စူး၍ မိခင်ဒေါ်စံပယ်အား အမှူးထားကာ တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဇီဝစိုးလမ်း အမှတ် (၂၁၃/၁)နေ ဒေါ်လှလှငြိမ်း၊ ဦးတင်မိုး–ဒေါ်လှလှမြင့်၊ သမီးသက်မွန်ဆု၊ သား အောင်ပြည့်ဖြိုးမိသားစုက ဥက္ကလာပစေတီတော် ရှေးဟောင်းခုနစ်ဆူဘုရားပရိဝုဏ်အတွင်း တည်ဆောက်နေသော နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းတော်ကြီးအတွက် အလှူငွေကျပ် ၅၄၀၀၀၀ကို စေတီတော်ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

'လူ့အခွင့်အရေး' သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၃)

ဤကမ္ဘာပေါ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုအများဆုံးဟု ကမ္ဘာက ရှုမြင်ထားသောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်။ **(အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို လာမည့်ဆောင်းပါးတွင် တင်ပြသွားပါမည်။)** အမေရိကန် နိုင်ငံခြားရေးဌာန၏ ၂၀၀၆ခုနှစ် မတ်လ၈ရက်နေ့စွဲဖြင့် ထုတ်ပြန်သော ၂၀၀၅ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ၁၆-၃-၂၀၀၆ရက်နေ့ထုတ် ကြေးမုံ၊ မြန်မာ့အလင်း၊ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့တွင် ဖတ်ရှုလိုက်ရသည်။ ယင်းသတင်းထုတ်ပြန်ချက်မှာ ဤသို့ဖြစ်၏။

"အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ခုနှစ် မတ်လ ၈ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၅ခုနှစ်အတွက် လူ့အခွင့်အရေး အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး တွင် ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်သည့် စာတမ်း တစ်ရပ်သာ ဖြစ်ပါသည်။"

"လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးမှ အဖွဲ့အစည်းအများစုသည် ဥပဒေဘောင်အတွင်း ဝင်ရောက်နေကြသည်နှင့်အညီ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရချိန်ကစပြီး ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများ ရရှိနေပါသည်။ အစိုးရသည် ထိုအဖွဲ့အစည်းများနှင့် လက်တွဲကာ ၎င်းတို့နေထိုင် ကြသည့် အစွန်အဖျား နယ်စပ်ဒေသများတွင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် လျစ်လျူရှုထားခြင်း ခံနေရသည့် ၎င်းတို့၏ လူနေမှုအဆင့်အတန်းများ မြှင့်တင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါသည်။"

"၂၀၀၅ခုနှစ်အတွင်း အမျိုးသားညီလာခံကြီးကို နှစ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းမည့်မူကြီးများအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အတည်ပြုချမှတ်ခြင်းများအတွက် တိုးတက်မှုများ အထင်အရှားရရှိခဲ့ပါသည်။ ထိုညီလာခံသို့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ ပါဝင်သည့် ကိုယ်စားလှယ် တစ်ထောင် တက်ရောက်ခဲ့ကြပါသည်။"

"အစိုးရသည် ပြည်သူလူထုကြီးတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ကျန်းမာရေးနှင့် ပညာရေးအပါအဝင် လူမှုရေးဝန်ဆောင်မှုကဏ္ဍများတွင် တိုးတက်မှုများလည်း ရရှိနေပါသည်။"

"မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကထက် မည်သည့်ပြည်ပနိုင်ငံကမျှ ပို၍ သယ်ပိုးဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်ချက်တစ်ရပ်သာ ဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။ အဆိုပါ အစီရင်ခံစာသည် မြန်မာအစိုးရက ရရှိနေသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများကို မသိကျိုးကျွန်ပြုထားပါသည်။"

"သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့် အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ပါသည်။"

၂၀၀၆ခုနှစ် မတ်လအတွင်း မိမိတို့ မလိုလားသော နိုင်ငံများကို လုပ်ကြံလီဆယ် စွပ်စွဲပုတ်ခတ်ထားသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူ့အခွင့်အရေးအစီရင်ခံစာကို အစွပ်စွဲခံရသော နိုင်ငံအားလုံးက လုံးဝလက်မခံဘဲ ပယ်ချခဲ့သည်ကို သတင်းမီဒီယာများ၌ ဆက်တိုက် ဖတ်ရှုကြားသိနေရသည်။

* ကျူးဘားနိုင်ငံက အမေရိကန် လူ့အခွင့်အရေးအစီရင်ခံ စာကို စူးစူးဝါးဝါး ကန့်ကွက်ပယ်ချသည်။ ထို့မျှမက အမေရိကန်သည် ကုလသမဂ္ဂက အဆိုပြုထားသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ထူထောင်ဖွဲ့စည်းမည့် အစီအစဉ်အပေါ် ယင်း၏ နယ်ချဲ့ အကျိုးစီးပွားကိုကြည့်ပြီး ပယ်ချရန် ကြံရွယ်နေကြောင်းဖြင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ ယခုရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကို အစား ထိုးရန်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ

တက္ကသိုလ်မြတ်သူ

ဖြစ်သူ ဂျန်အီလီယက်ဆန်က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဖွဲ့စည်းရေး အဆိုပြုမှုအပေါ် အမေရိကန်က ဆန့်ကျင်မဲပေးရန် စီစဉ်နေသည်ဟု ကျူးဘားက ထုတ်ဖော်ပြောကြားသည်။ လက်ရှိ လူ့အခွင့်အရေး ကော်မရှင်သည် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ ခြယ်လှယ်မှုကို ခံနေရမှုကြောင့် ဂုဏ်သိက္ခာမရှိ ဖြစ်နေသည်။ နယ်ချဲ့စနစ်၏ ဗိုလ်ကျ စိုးမိုးရေးနှင့် နိုင်ထက်စီးနင်းပြုမှုအပေါ် ဆန့်ကျင်သည့် မည်သည့်နိုင်ငံကိုမဆို ဘေးဖယ်ထားနိုင်မည့် စည်းမျဉ်းများဖြင့် ဆောင်ရွက်နေ သည်။ ၎င်းတို့၏ စည်းမျဉ်းများနှင့်ကိုက်ညီသည့် နိုင်ငံများကိုသာ အဖွဲ့ဝင်အဖြစ် ရွေးချယ်ရန် အမေရိကန်အစိုးရက အမိအရ တောင်းဆိုနေသည်ဟု ကျူးဘားက ကြေညာသည်။ **(ကြေးမုံ၊ ၄-၃-၂၀၀၆ စာမျက်နှာ ၅)**

* တောင်အမေရိကတိုက်မှ ရေနံအထွက်ကောင်းသော ဗင်နီဇွဲလားနိုင်ငံအား အမေရိကန်က လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် စွပ်စွဲပုတ်ခတ်သည်ကို ဗင်နီဇွဲလားနိုင်ငံသမ္မတ ချာဗက်ဇ်က ပြင်းထန်စွာ တုံ့ပြန်ပယ်ချခဲ့သည်။ ထို့မျှမက အမေရိကန်စီအိုင်အေထောက်လှမ်းရေးအေဂျင်စီ ညွှန်ကြားရေးမှူး နီဂိုးပွန်တီ၏ စွပ်စွဲပုတ်ခတ်ချက်များကို တုံ့ပြန်ရင်း သမ္မတချာဗက်ဇ်က နီဂိုးပွန်တီသည် ကလိမ်ကကျစ် နိုင်သူတစ်ဦးဖြစ်ပြီး ဟွန်ဒူရပ်စ်မှ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုတွင် ပါဝင်ပတ်သက်သည်ဟု ဗင်နီဇွဲလား ဒုတိယသမ္မတ ဟိုဆေးဗီစင့်ရမ်ဂဲက ဝေဖန်လိုက်ကြောင်း မတ်လ ၃ရက်နေ့ ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **(ကြေးမုံ၊ ၅-၃-၂၀၀၆ စာမျက်နှာ ၅)**

* ရုရှားနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပုံများကို အမေရိကန်နိုင်ငံခြားရေးဌာနက ဝေဖန်တာဟာ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရေးကို ထိခိုက်နိုင်တယ်လို့ ရုရှားက ပြောပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာနက လူ့အခွင့်အရေးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ရာမှ ရုရှားရဲ့ လူ့အခွင့်အရေး ချိုးဖောက်ပုံတွေကို ထောက်ပြထားပါတယ်။ အဲဒီအစီရင်ခံစာမှာ အဖြစ်မှန် တွေကို တလွဲရေးထားပြီး လိုတစ်မျိုး၊ မလိုတစ်မျိုး ရေးထားတယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောပါတယ်။ အဲဒီ အစီရင်ခံစာတွေမှာ အမေရိကန်ပေါ်လစီဟာ ဘက်လိုက်ကြောင်း၊ ရုရှားဆန့်ကျင်ရေး စိတ်ဓာတ်တွေကို အားပေးတာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောပါတယ်။ **(၁၁-၃-၂၀၀၆ အမေရိကန်အသံ ဗွီအိုအေ သတင်း)**

* ဗီယက်နမ်နိုင်ငံနှင့်ပတ်သက်၍ ၂၀၀၅ခုနှစ် လူ့အခွင့်အရေး မှတ်တမ်းအဖြစ် အမေရိကန်လူ့အခွင့်အရေး အစီရင်ခံစာ၌ ဖော်ပြထားမှုများကို ဗီယက်နမ်နိုင်ငံက ပယ်ချလိုက်ကြောင်း ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက မတ်လ၉ရက်နေ့၌ ပြောကြားလိုက်သည်။ ၎င်းအစီရင်ခံစာသည် ချဲ့ကားရေးသားထားခြင်းဖြစ်ပြီး မိမိလိုရာ ကောက်ချက်ဆွဲထားခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ ပြောခွင့်ရသူ လီဒေါင်က ပြောကြားသည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့် အခြားနိုင်ငံများနည်းတူ နေထိုင်လုပ်ကိုင်ခွင့်၊ လွတ်လပ်ခွင့်များ ပေးထားကြောင်း၊ သမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးစနစ်များ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားမှုရှိမည်ဖြစ်သော်လည်း အခြားနိုင်ငံများနှင့်လည်း နီးနီးကပ်ကပ် ဆက်ဆံရေးကောင်းမွန်အောင် လုပ်ဆောင်နေကြောင်းဖြင့် လီဒေါင်က ပြောသည်။ **(မြန်မာ့အလင်း၊ ၁၂-၃-၂၀၀၆ စာမျက်နှာ ၄)**

* ဖိလစ်ပိုင်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် အမေရိကန်ပြည်ထောင်စု၏ ဝေဖန်ချက်ကို ဖိလစ်ပိုင်အစိုးရက မတ်လ၁၀ရက်နေ့တွင် ပယ်ချလိုက်ပြီး ဖိလစ်ပိုင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်ဟု အမေရိကန်အစိုးရက ဖော်ပြခဲ့ခြင်းသည် မရေမရာနှင့် မျှတမှုမရှိဘဲ ဖော်ပြခဲ့ခြင်းသာ ဖြစ်ကြောင်း ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကျင့်သုံးနေသည့် ဒီမိုကရေစီသည် အစဉ်အမြဲတိုးတက်ဖြစ်ထွန်းမှုရှိနေပြီး ပြည်သူ့ရုံးဌာနအဖွဲ့ အစည်းများမှာလည်း ထင်သာမြင်သာရှိကြကာ တရားဥပဒေနှင့် ညီညွတ်မှုရှိကြောင်းဖြင့် ဖိလစ်ပိုင်သမ္မတ အာရိုယို၏ ပြောခွင့်ရသူ အစ်ကနေစီယိုဘန်ယီက ပြောကြားသည်။ **(ကြေးမုံ၊ ၁၃-၃-၂၀၀၆ စာမျက်နှာ ၄)**

* အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ် အစီရင်ခံစာတွင် ထိုင်းနိုင်ငံသည် လူ့အခွင့်အရေးကို ချိုးဖောက်နေသည်ဟု စွပ်စွဲချက်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအား ထိုင်းနိုင်ငံက မတ် ၁၁ရက်နေ့၌ ပြစ်တင်ဝေဖန်ပြောဆိုလိုက်သည်။ အခြားနိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို မိမိနိုင်ငံ၏ အခြေအနေနှင့် လိုက်ပြီး ဆုံးဖြတ်ခြင်းသည် မမှန်ကန်နိုင်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန၏ အစီရင်ခံစာတွင် အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာသည် အမှန်တရားနှင့် အလွန်ဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အခြေအနေနှင့် စရိုက်လက္ခဏာများရှိကြောင်း၊ တခြားနိုင်ငံ တစ်နိုင်ငံ၏ အဆင့်အတန်းနှင့် နှိုင်းယှဉ်၍မရနိုင်ကြောင်း၊ အမေရိကန်အစီရင်ခံစာသည် မမှန်ကန်ကြောင်း၊ ထိုင်းနိုင်ငံ၏ အခြေအနေမှန်နှင့် မကိုက်ညီကြောင်း ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရသူ ဆီဟာဆက်က ပြောကြားသည်။ **(မြန်မာ့အလင်း၊ ၁၄-၃-၂၀၀၆၊ စာမျက်နှာ ၅)**

အမေရိကန်သည် အရှေ့တောင်အာရှ ၁၀နိုင်ငံတွင် ၁၉၅၀ ပြည့်လွန်နှစ်များက ဆီးတိုး (South East Asia Treaty Organization) အရှေ့တောင်အာရှ စာချုပ်အဖွဲ့ခေါ် (စစ်အုပ်စု) ဖွဲ့ပြီး စစ်ရေးစိုးမိုးရန် ကြံရွယ်ခဲ့သည်။ ဒေသပြင်ပ ခြောက်နိုင်ငံ ပါဝင်ပြီး ဒေသတွင်းမှ နှစ်နိုင်ငံသာပါသဖြင့် ပျက်လျော့သွားခဲ့သည်။ အရှေ့တောင်အာရှ ၁၀ နိုင်ငံစုစည်းခဲ့သော အာဆီယံခေါ် အရှေ့တောင်အာရှအသင်းတွင် ဟိုနိုင်ငံမပါစေနဲ့၊ သည်နိုင်ငံထုတ်ပစ်ဟု စွက်ဖက်လာခဲ့သည်။ အာဆီယံက လက်မခံသောအခါ အာဆီယံ ဖြိုခွဲရေးကို အားသွန်လုပ်လာသည်။ အာဆီယံနိုင်ငံများစွာတွင် ဆန္ဒပြဆူပူပွဲများကို မီဒီယာများမှတစ်ဆင့် လှုံ့ဆော်ကာ ဒေသတွင်း မတည်ငြိမ်အောင် ဖန်တီးလျက်ရှိနေသည်။ ယခုနှစ်အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာ၌ ပြစ်တင်စွပ်စွဲထားသော အာဆီယံ

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၊ အိုင်အယ်လ်အို စသည့် အဖွဲ့များတွင် ၎င်းတို့လူများက တွင်ကျယ်နိုင်ချိန်မှစပြီး အမေရိကန်၏ ပစ်မှတ်နိုင်ငံများကို လူ့အခွင့်အရေးချိုးဖောက်မှု၊ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုတို့ဖြင့် လုပ်ကြံဖန်တီး စွပ်စွဲလာခဲ့သည်။ ထို့ကြောင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်သည် ဂုဏ်သိက္ခာ ညှိုးနွမ်းလာခဲ့ရတော့သည်။

အမေရိကန်-အိန္ဒိယတို့၏ နျူကလီးယားစာချုပ် နိုင်ငံတကာသဘောတူညီချက်ကိုချိုးဖောက်ရာရောက်ဟုဆို

စင်ကာပူ မတ် ၁၉

ပြိုင်ဘက်အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ချုပ်ဆိုထားသော နျူကလီးယားစွမ်းအင်စာချုပ်သည် နျူကလီးယားလက်နက်များ မပြန့်ပွားရေး နိုင်ငံတကာသဘောတူညီချက်များကို ချိုးဖောက်ရာရောက်ကြောင်း ပါကစ္စတန်နိုင်ငံက ပြောကြားသည်ကို ဖိုင်နယ်ရှယ်တိုင်းမ်သတင်းစာက မတ် ၁၇ရက်၌ ဖော်ပြသည်။

ကိုးကားဖော်ပြ

အမေရိကန်က အိန္ဒိယသို့ နျူကလီးယားနည်းပညာပေးရန် ဆုံးဖြတ်ခြင်းသည် ပါကစ္စတန်ကဲ့သို့ စစ်ရေးနျူကလီးယားအစီအစဉ်ရှိလာနိုင်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ကာရှိမာမွတ်ကာဆူရီက ပြောကြားသည်ကို အဆိုပါ သတင်းစာက ကိုးကားဖော်ပြသည်။

နျူကလီးယားမပြန့်ပွားရေးစာချုပ်တစ်ခုလုံး ပျက်ပြားသွားနိုင်ကြောင်း၊ အခြားသောနိုင်ငံများကလည်း အဆိုပါနည်းလမ်းကို အသုံးမချမီ အချိန်မီ သတိပေးလိုက်ခြင်းဖြစ်ကြောင်း ကာဆူရီက ဖိုင်နယ်ရှယ်တိုင်းမ်နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

စာချုပ်ထား

နျူကလီးယားလက်နက်များသည် စွမ်းအင်ငွေကြေးဖြစ်နေပြီး ၎င်းကို နိုင်ငံအများအပြားက အသုံးပြုရန် အာရုံစိုက်လာကြောင်း၊ ၎င်းနည်းလမ်းအတိုင်း ဆက်သွားပါက နျူကလီးယားမပြန့်ပွားရေးစာချုပ်သည် အဆုံးသတ်သွားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စာချုပ်အရ အမေရိကန်သမ္မတနယူးဒေလီသို့ မတ်လဆန်းက လာရောက်ပြီးနောက် အမေရိကန်၏ နျူကလီးယားဓာတ်ပေါင်းဖိုများနှင့် နျူကလီးယားလောင်စာဆီအပါအဝင် နျူကလီးယားနည်းပညာများကို အိန္ဒိယက ရယူရန် စာချုပ်ထားသည်။

အမေရိကန်က ပါကစ္စတန်နိုင်ငံအား နျူကလီးယားလက်နက်များ ပြန့်ပွားခြင်းကို စိုးရိမ်နေမိသည်။ ၂၀၀၄ ခုနှစ်က ထိပ်တန်းသိပ္ပံပညာရှင် အဗ္ဗဒူလ်ကာဒီယာခမ်းသည် ၎င်း၏ နျူကလီးယားနည်းပညာများကို အီရန်၊ မြောက်ကိုရီးယားနှင့် လစ်ဗျားတို့အားရောင်းချခဲ့ကြောင်း ဝန်ခံထားသည်။ **အမ်အင်အေ၊ ရိုက်တာ**

အိုလံပစ်ပွဲမတိုင်မီ ပေကျင်း၌ ကားများမီးခိုးထွက်မှု စစ်ဆေးမည်

ပေကျင်း မတ် ၁၉

တရုတ်နိုင်ငံပေကျင်းမြို့ ဒုတိယမြောက် မြို့ပတ်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များ ပျားပန်းခပ်မျှ မောင်းနှင်သွားလာနေကြသည်ကို မတ် ၁၇ရက်က တွေ့ရခြင်း ဖြစ်သည်။ (အပေါ်ပုံ)

ပေကျင်းအာဏာပိုင်များက ၂၀၀၈ခုနှစ် အိုလံပစ်အားကစားပွဲမတိုင်မီ မီးခိုးထွက်သော ညစ်ညမ်းသည့်ကားစီးရေ လျှော့ချရန် မီးခိုးထွက်မှုစစ်ဆေးသည့် ကိရိယာများ တပ်ဆင်စစ်ဆေးသွားရန် ကြိုးပမ်းလျက်ရှိသည်။ လေထုညစ်ညမ်းမှုသည် အလွန်ဆိုးရွားလာပြီး မိုးရေထဲတွင် ဆာဖာဒိုင်အောက်ဆိုဒ်ပါဝင်မှုမှာ ၈၀ရာခိုင်နှုန်းအထက် ရှိနေသည်ဟု ဆိုသည်။ **အမ်အင်အေ၊အေပီ**

လူသားနှင့်လင်းပိုင်တို့ ချစ်ချစ်ခင်ခင်

ပေကျင်း မတ် ၁၉

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့တွင် လင်းပိုင်များကို မွေးမြူထိန်းသိမ်းထားသော စခန်းတစ်ခုတွင် လေ့ကျင့်ရေးမှူးများက လေ့ကျင့်သင်ကြားပေးထားသဖြင့် လင်းပိုင်များမှာ အသိဉာဏ်နှင့် အပြုအမူများ ပိုမိုတိုးတက်လျက်ရှိသည်။

လင်းပိုင်များသည် လေ့ကျင့်ရေးမှူးများက သင်ကြားပေးထားသည့်အတိုင်း နှုတ်ဆက်အနမ်းပေးခြင်း **(အောက်ပုံ)** အပါအဝင် အခြားပြုမူဆောင်ရွက်မှု အတော်များများကို လုပ်ဆောင်နိုင်ကြကြောင်း သိရသည်။

(အင်တာနက်)





အာကာသတွင်း၌ ကြယ်စုများ ခရုပတ်ခွေပုံသဏ္ဌာန် လိမ်ယှက်နေ

အာကာသကြည့် တယ်လီစကုတ်မှ တစ်ဆင့် ခရုပတ်ခွေ ပုံသဏ္ဌာန် ကြယ်စင်တန်းနှစ်ခု ကောင်းကင်ယံ၌ လိမ်ယှက်နေသည်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

ညအခါ စကြဝဠာအတွင်းရှိ ကောင်းကင်၌ အလင်းရောင်ပျပျမြင်ရသော အာကာသ ဟင်းလင်းပြင်အဝေးမှ ကြယ်စင်များကို ပြန့်ကျဲနေသကဲ့သို့ တွေ့ရှိခဲ့ကြသည်။

သို့သော် အာကာသအတွင်းရှိ ကြယ်အစုအဝေးများသည် ပြန့်ကျဲမနေဘဲ ခရုပတ်ခွေပုံသဏ္ဌာန် ကြယ်စင်တန်းကြီးနှစ်ခုသည် လိမ်ယှက်နေကြောင်း စပစ်ဇာအာကာသကြည့် တယ်လီစကုတ်ကို အသုံးပြု၍ နက္ခတ္တဗေဒပညာရှင်များက မတ် ၁၅ရက်က အစီရင်ခံဖော်ပြခဲ့သည်။ **(အင်တာနက်)**

ရာသီဥတုပြောင်းလဲမှုကြောင့် ဘင်္ဂလားဒေ့ရှ်၌ စိုက်ပျိုးမြေများ ဆုံးရှုံးခဲ့ရ

ဒါကာ မတ် ၁၉

ရာသီဥတု ပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စိုက်ပျိုးမြေဧရိယာ ၁၇ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းစာတွင် မတ် ၁၇ရက်၌ ဖော်ပြထားသည်။

အကျိုးသက်ရောက်

ရာသီဥတု ပြောင်းလဲခြင်း၏ တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးသက်ရောက်မှုများကြောင့် ဒေသတွင်းရှိ ပြည်သူများ နေအိမ်များကို စွန့်ခွာထွက်ပြေးရခြင်း၊ စားနပ်ရိက္ခာ လုံခြုံမှုကို ခြိမ်းခြောက်ခံရခြင်း၊ သောက်သုံးရေ ရှားပါးမှု တိုးမြင့်လာခြင်း၊ အသက်နှင့် စည်းစိမ်ဉစ္စာများ ဆုံးရှုံးမှုများနှင့် ကြုံတွေ့လာနိုင်ကြောင်း စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များဌာနမှ ညွှန်ကြားရေးမှူးချုပ် အာကေပါချာရီက ပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် စိုက်ပျိုးမြေများ ပြောင်းလဲမှု အကျိုးရလဒ်အနေဖြင့် ၂၀၅၀ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည် သန်း ၁၅၀ ရှိလာနိုင်သည်ဟု လေ့လာဆန်းစစ်ချက်များအရ သိရှိရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တိုက်တွန်း

ထို့အပြင် ဆိုက်ကလုံးမုန်တိုင်း၊ မိုးခေါင်မှုနှင့် ရေလွှမ်းမိုးမှုများ မကြာခဏ ဖြစ်ပေါ်လာကာ လူများတွင် အသက်ရှူ လမ်းကြောင်း ဆိုင်ရာရောဂါနှင့် ကူးစက်ရောဂါဖြစ်ပွားမှုများ တိုးပွားလာနိုင်သည်ဟု ဆိုသည်။

ရာသီဥတု ပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ခြိမ်းခြောက်မှုများကို ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းကာကွယ်သွားရန် ပါချာရီက တိုက်တွန်းလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟောင်ကောင်၌ လေထုညစ်ညမ်းမှုဖြစ်ပေါ်

ဟောင်ကောင် မတ် ၁၉

ဟောင်ကောင်တွင် မော်တော်ယာဉ်အိတ်ဇောပိုက်များမှ ထွက်သော မီးခိုး ငွေ့များကြောင့် လေထုညစ်ညမ်းမှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေသောကြောင့် ဟောင်ကောင်အာဏာပိုင်များက ကျန်းမာရေးဆိုင်ရာ သတိပေးချက်များကို မတ် ၁၇ရက်က ထုတ်ပြန်ခဲ့သည်။

သွားလာနေခဲ့ရ

လူစည်ကားရာ နေရာများနှင့်လမ်းများပေါ်တွင် ခရီးသွားလာနေသူများသည် ဘေးအန္တရာယ်ဖြစ်သော အခိုးအငွေ့များအန္တရာယ်မှ ကာကွယ်ရန်အတွက် နှာခေါင်းနှင့်ပါးစပ်များကို ပိတ်၍သွားလာနေကြရသည်။ **(ယာပုံ)**

ကျန်းမာရေးဝန်ကြီးဌာနကလည်း လေထုထဲတွင် မီးခိုးအငွေ့များ သိပ်သည်းမှုများနေသောကြောင့် အကာအကွယ်ပြု၍ သွားလာကြရန် သတိပေးနှိုးဆော်ထားသည်။

(အင်တာနက်)



မိုလ်ချုပ်ဈေး အရှေ့ဘက်တန်း၌ ပြသလျက် ရှိသော စာနယ်ဇင်း ပန်းချီ ဆရာများ၏ ပန်းချီ ပြပွဲတွင် ပန်းချီဆရာ လှထွဏ်း၏ ပုဂံမှာ ရှိသည့် ဘူးဘုရား ဝန်းကျင် ရှုခင်းအလှ ကို ရေးဆွဲထားသည့် ရေဆေးပန်းချီကား ကို ဤသို့ တွေ့ရ သည်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

ကလောမမ္မရောင်ခြည်
မဟာစည် သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

ကလောမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာတွင် ဒုတိယအကြိမ်မြောက် လူငယ်များ ယဉ်ကျေးမှု သင်တန်းတရားစခန်းကို မတ် ၂၉ရက်မှ ဧပြီ ၇ရက်အထိလည်းကောင်း၊ အကြိမ် (၂၀)မြောက် လူကြီးတရားစခန်း ကို ဧပြီ ၁၀ရက်မှ ၂၄ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းတွင် မဟာစည်ဆရာတော် ကြီး၏ ဥပနိဿယကို ခံယူလျက် ရန်ကုန်မဟာစည်ရိပ်သာကြီးမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်သည့် ဆရာတော်ဦးစန္ဒရ၊ ဆရာတော် ဦးဝိလာသနှင့် ဆရာတော်ဦးနန္ဒသာရတို့က တရားတော်များ ဟောကြား ပြသ သွားမည်ဖြစ်သည်။

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၆ရက် နောက်ဆုံးထား၍လည်းကောင်း၊ လူကြီးတရားစခန်းဝင် လိုသော ယောဂီများသည် ဧပြီ ၈ရက်နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့်ဆေးဝါးများ လှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည် မဟာစည် သာသနာ့ရိပ်သာ အမှတ်(၃)ရပ်ကွက် ကလောမြို့ ဖုန်း-၀၈၁-၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် အမှတ်(၅)ရပ်ကွက် ကလောမြို့၊ ဒေါ်နုနု(နုရတနာရွှေဆိုင်) အမှတ်(၄)ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း(ပြည့်စုံစတိုး) အမှတ်(၃)ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ် အမှတ်(၁)ရပ်ကွက် အောင်ပန်းမြို့ ၊ ဦးမောင်မောင်(မိုး-မိတ္တူ) အမှတ် (၁)ရပ်ကွက် အောင်ပန်းမြို့တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးညှင်းအရှင်ဣန္ဒက တရားပွဲ

ရန်ကုန် မတ် ၁၉

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့် စေတီတော် ဗုဒ္ဓ သာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော် ဝတ်အသင်း၏ အရိယာမေတ္တာရုံကြီး တွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် နာယက အဖွဲ့ဝင် မိုးညှင်းအရှင်ဣန္ဒက ဆရာ တော်သည် (မဟာသင်္ကြန် အကြတ် နေ့) ဧပြီ ၁၅ရက် မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော် များ ဟောကြားမည်ဖြစ်ကြောင်း သိရ သည်။ **(က-ပ)**

စာနယ်ဇင်း ပန်းချီ ဆရာများ ၏ ပန်းချီပြပွဲ တွင် ပန်းချီစိုးမိုး ၏ ပန်းသည် မလေးရဲ့ ဈေး ရောင်းပုံကို ပေါ် လွင် ထင်ရှား အောင် ခြယ် မှုန်း ထားသည့် ပန်းချီ ကားကို တွေ့ရ စဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၀-၃-၂၀၀၆ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ(ငါးမြင်းနှင့်ရုံးပတီသီး)
- ၇း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၈း၀၀ တေးဂီတအစီအစဉ်
- ၈း၀၅ ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ(အပိုင်း-၆)
- ၈း၁၅ တေးဂီတအစီအစဉ်
- ၈း၂၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၈း၂၅ ဗွီစီဒီမိတ်ဆက် (တောင်တန်းမြေမှတေးမှတ်တမ်း)
- ၈း၄၅ မိုးလေဝသခန့်မှန်းချက်
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ စိမ်းနေဦးမည့်တို့မြန်ပြည်
- ၉း၀၅ တေးဂီတအစီအစဉ်
- ၉း၁၀ Video Magazine Vol-I, No.2 Part-I
- ၉း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၀၀ နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက်(အပိုင်း-၂)
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ Business Talk
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ မြန်မာစာ၊ မြန်မာစကား(၆)
- ၁၁း၅၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၁း၅၅ ချစ်စရာကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Man City-West Ham	5-Sports (Live)

ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ဂျေဝုစ်(ဝူးကျီ) ရုပ်မြင်သံကြားဇာတ်လမ်းများ ပြန်လည်ရိုက်ကူးမည်

တောင်ကိုရီးယား ရုပ်ရှင်သရုပ် ဆောင်နှင့် အဆိုတော်လည်း ဖြစ်သူ ဂျေဝုစ်(ဝူးကျီ)သည် ရုပ်မြင် သံကြား ဇာတ်လမ်းနှင့်ရုပ်ရှင်များကို တစ်နှစ် ခန့် မရိုက်ကူးဘဲ နေခဲ့ရာမှ ယခုအခါ ပြန်လည် သရုပ်ဆောင်ရိုက်ကူးတော့ မည်ဖြစ်သည်။

ဖော်ကျူးထား

အချစ်၊ အလွမ်း ရသစုံပါဝင်သော ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခု တွင်သရုပ်ဆောင်မည်ဖြစ်ရာ ဂျေဝုစ် (ဝူးကျီ) **(ယာပုံ)** အနေဖြင့် ရုပ်မြင် သံကြားဇာတ်လမ်းတွင် အောင်မြင် သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ ဘဝကို ဖော်ကျူးရာ၌ ပါဝင်သရုပ် ဆောင်ရမည်ဖြစ်သည်။

ဖျော်ဖြေရေး

အဆိုတော်တစ်ဦးလည်းဖြစ်သည့် ဂျေဝုစ်သည် ပြီးခဲ့သည့်နှစ် နိုဝင် ဘာလကသူ၏ ငါးခုမြောက် သီချင်း အယ်လ်ဘမ်ကိုဖြန့်ချိခဲ့သည်။ ယခု မတ်လအတွင်း၌လည်း ဂျပန်နိုင်ငံတွင် ဖျော်ဖြေရေးပွဲစဉ် တစ်ခု၌ ပါဝင်ရန် အစီအစဉ်ရှိသည်။

(ကိုးကားချက်-အင်တာနက်)

အင်တာနက်
သတင်းနှင့်ဓာတ်ပုံ

အီရတ်သို့ကျူးကျော်စစ်ပွဲဆင်နွဲမှု သုံးနှစ်မြောက်နေ့ ဥရောပနှင့် အမေရိကန်မြို့ကြီးများတွင် စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြ

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံကိုကျူးကျော်စစ် ဆင်နွှဲခဲ့သည့် သုံးနှစ်မြောက် နှစ်ပတ် လည်နေ့အထိမ်းအမှတ်အဖြစ် ဥရောပနှင့်အမေရိကန်နိုင်ငံရှိ မြို့ကြီးများတွင် စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲများပြုလုပ်ခဲ့ကြ သည်။

ရှုတ်ချ

အမေရိကန်နိုင်ငံ မြို့ကြီးများဖြစ်သော ဝါရှင်တန်၊ နယူးယောက်နှင့် လော့(စ်)အိန်ဂျလိစ်မြို့တို့တွင် လူတစ် ထောင်ခန့်စီ ဆန္ဒပြခဲ့ကြသည်ဟု အဆိုပါမြို့ကြီးများ၏ ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ နယူးယောက်မြို့ တိုင်းမ်စကွဲယား အနီးတွင် အီရတ် စစ်ပွဲဆန့်ကျင်သူတစ်ဦး က သမ္မတဘုရှ်၏ စီမံအုပ်ချုပ်မှုနှင့်အီရတ်တွင် အမေရိ ကန်တပ်ဖွဲ့ဝင်များ ဆက်လက် တည်ရှိနေမှုကို ပြစ်တင် ရှုတ်ချ လိုက်သည်။

အီရတ်တွင်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အမြန်ဆုံးချက်ချင်းရုပ်သိမ်းရန်လည်း စစ်ပွဲဆန့်ကျင်ဆန္ဒပြသူ များကတိုက်တွန်းလိုက်သည်။ ဆန္ဒပြသူများက အမေရိကန် ဒုတိယသမ္မတဒစ်ချေနီ၏ နေအိမ်အပြင်ဘက်တွင်လည်း ထောင်ပေါင်းများစွာ စုဝေးကာ ဆန္ဒပြပာစ်ကြွေးခဲ့ကြသည်။

ပါဝင်ဆန္ဒပြခဲ့

ထို့အတူဟောလီးဝုဒ်တွင်လည်း ပြည်သူ၁၂၀၀ခန့် က အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြပွဲပြုလုပ်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ဟောလီးဝုဒ်၌ ဆန္ဒပြသူ များတွင် ယခုနှစ်၌ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု ရရှိသွားသည့်"Crash"ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဒါရိုက် တာ ပေါလ်ဟာဂစ်စ်၊ သရုပ်ဆောင် မာတင်ရှန်၊ လောရာ နှင့် မာရီရာဘီလ်လိုတို့လည်း ပါဝင်ဆန္ဒပြခဲ့ကြသည်။

အီတလီနိုင်ငံရောမ၌ အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြသူ များမှာ လူထောင်ပေါင်းများစွာရှိကာ လမ်းမများပေါ်တွင် "အီရတ်၌စစ်ပွဲရပ်"ဟူသောစာတန်းများကိုင်ဆောင်ကာ လှည့် လည်ဆန္ဒပြခဲ့ကြသည်။ **(အပေါ်ပုံ)** ထို့အတူ လန်ဒန်မြို့တွင် လည်း ပြည်သူ၁၅၀၀၀ခန့်က အီရတ်စစ်ပွဲကိုဆန့်ကျင်ဆန္ဒ ပြခဲ့ကြောင်း သိရသည်။ ။**(ကိုးကားချက် အင်တာနက်)**

ကိုရီးယားအဆိုတော်သရုပ်ဆောင် နန်ဂျေရာ(ဘိုရာ) တရုတ်နိုင်ငံတွင် သီချင်းအယ်လ်ဘမ်ထုတ်မည်

တောင်ကိုရီးယား ရုပ်ရှင်သရုပ် ဆောင်နှင့်အဆိုတော်နန်ဂျေရာ(ဘိုရာ) **(ယာပုံ)**သည် တရုတ်နိုင်ငံတွင် ယခု မတ် ၂၁ရက်မှစတင်ကာ အထူးသီချင်း အယ်လ်ဘမ်တစ်ခုဖြန့်ချိမည်ဖြစ်သည်။

စိတ်တိုင်းကျ

ဘိုရာ၏ "Flying Hish"ဟု အမည်ပေးထားသောသီချင်းအယ်လ် ဘမ်တွင် တေးသီချင်းပေါင်းများစွာပါဝင် ပြီး သူမအနေဖြင့် စိတ်တိုင်းကျတည်း ဖြတ်ပြင်ဆင်ကာ ဖြန့်ချိခြင်းဖြစ်သည်။ ဘိုရာ၏ လှပသော လှုပ်ရှားမှုများ၊ သီချင်းဆိုဟန်များနှင့်တေးသီချင်းများ ကို စိတ်တိုင်းကျ ကြည့်ရှုခံစားနိုင်ကြ မည်ဖြစ်သည်။

ဖြန့်ချိ

နန်ဂျေရာ(ဘိုရာ)သည် တရုတ် နိုင်ငံတွင် ပြီးခဲ့သည့် နှစ်ကလည်း "Kung Fu"အမည်ရှိသီချင်းအယ်လ် ဘမ်တစ်ခုကိုဖြန့်ချိခဲ့သေးသည်။ဘိုရာ ၏ရုပ်ပုံဟန်ပန်သစ်များ ပါဝင်သည့် အငယ်စားဓာတ်ပုံအယ်လ်ဘမ်တစ်ခု နှင့် ဗီဒီယို၊ ဒီဗွီဒီ ခြောက်ခုကိုလည်း တရုတ်နိုင်ငံ၌ ဖြန့်ချိခဲ့ကြောင်း သိရ သည်။

ဘိုရာသည် အာရှတွင် သရုပ် ဆောင်နှင့် အဆိုတော်၌ ကျော်ကြား သူတစ်ဦးဖြစ်လာရန် ရည်မှန်းထား သူဖြစ်သည်။

(ကိုးကားချက်-အင်တာနက်)

● *ကျောဖုံးမှ*

အစီအစဉ်အရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာနိုင်ငံဘဏ်များအသင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံဘဏ်များအသင်း ကမ္ဗည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ဗည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

အလေးထားဆောင်ရွက်

ယင်းနောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဆောက်အအုံသစ် ပထမထပ်ရှိ ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တည်ငြိမ်ခိုင်မာရေးအတွက် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ကောင်းစွာဖြင့် တိုးတက်ရန် ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးဖြည့်ဆည်းပေးမှုသည် အဓိကအရေးကြီးသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းသို့အဓိကကျသည့်အတွက်လည်း ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှု (Financial Sector Stability) ရှိရန် အဓိကလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက အနီးကပ်ကြီးကြပ်လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ငွေကြေးတည်ငြိမ်မှု ထိန်းကျောင်းခြင်းအပြင် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကြီးကြပ်စိစစ်ရေးအဖွဲ့နှင့် ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ ချမှတ်ထိန်းကျောင်းမှု (Bank Regulation) တို့ကို ပိုပြီး အလေးထား ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏စီးပွားရေး အခြေခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာ ဖြစ်ပေါ်လာရေး၊ ပုဂ္ဂလိက စက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေး၊ ဖွဲ့စည်းပြီးသည့် စက်မှုဇုန်များ ပီပြင်စွာ တိုးတက်ဖြစ်ပေါ်ရေး စသော ရည်ရွယ်ချက်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သည့်အရင်းအနှီးကို ဖြည့်ဆည်းပေးရေးနှင့် ငွေကြေးဝန်ဆောင်မှုပေးရေးကို ဘဏ်လုပ်ငန်းကဏ္ဍမှ အဓိကဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ပြည်တွင်းပြည်ပမှာ မြန်မာကျပ်ငွေတန်ဖိုး ပိုမိုခိုင်မာ တည်တံ့ရေးအတွက် ဘဏ်များအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ဘဏ်တစ်ခုနှင့်တစ်ခု ကူညီရိုင်းပင်းရေးနှင့် ဘဏ်များ၏အကျိုးကို ပံ့ပိုးဆောင်ရွက်ပေးရေးတို့အတွက် ဦးဆောင်မှုပေးရန်၊ ပြည်သူများ ဘဏ်ကို အားထားအသုံးပြုသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဘဏ်များအသင်းကို ၁၉၉၉ခုနှစ် ဧပြီ ၁ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းကြီး၏ သက်တမ်းခုနစ်နှစ်ကြာမှ ဘဏ်များအသင်း အဆောက်အအုံကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမှာလည်း ဘဏ်များစည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း၏ သာဓကတစ်ရပ်ဖြစ်ကြောင်း။

ယခုဆိုလျှင် ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ပူးတွဲပြီး လစဉ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့သည်မှာ (၇၉)ကြိမ်မြောက် ရှိသွားပြီဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် ဘဏ်လုပ်ငန်းစနစ်ကြီးကို အမီလိုက်နိုင်ရန် ဘဏ်ဝန်ထမ်းများ၏ အရည်အသွေးနှင့် အရည်အချင်းပါ မြှင့်တင်ပေးရန်ရည်ရွယ်ချက်ဖြင့် ဘဏ်များကြီးကြပ်ရေးကော်မတီမှ ကြီးမှူးပြီး အထွေထွေဘဏ်လုပ်ငန်းသင်တန်းကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ယင်းသင်တန်းများမှာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ ထပ်လောင်းရရှိစေရန်အတွက် ဆွေးနွေးပွဲများကိုပါ ပူးတွဲကျင်းပပေးခဲ့ကြောင်း။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ မြန်မာနိုင်ငံ ဘဏ်များ အသင်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မှန်ကန်သည့်ယှဉ်ပြိုင်မှု

ဘဏ်များအနေဖြင့် ပြည်သူလူထုကို ငွေကြေးဝန်ဆောင်မှုပေးနေကြကြောင်း၊ ယင်းသို့ဝန်ဆောင်မှုများပေးရာတွင် နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေတ်မီတိုးတက်သည့် ဘဏ်လုပ်ငန်းစနစ်များနှင့် ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယင်းသို့ဆောင်ရွက်သည့် အခါတွင်လည်း တိုးတက်မှုရရှိစေရန် တစ်ဘဏ်နှင့်တစ်ဘဏ် မှန်ကန်သည့် ယှဉ်ပြိုင်မှုများဖြင့်သာ ပြည်သူလူထု၏ ဘဏ်လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုကြောင်း၊ မမှန်မကန် နည်းလမ်းမကျသည့် ယှဉ်ပြိုင်မှုသည် ဘဏ်လုပ်ငန်းကဏ္ဍကို ထိခိုက်စေနိုင်သည်ကို ဂရုပြုကြရန်ကို မမေ့လျော့ကြစေရန်ကိုလည်း ပြောကြားလိုကြောင်း။

လွန်စွာအရေးကြီး

နိုင်ငံတကာနည်းတူ တရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် အကြမ်းဖက်လုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ပေးမှု ထိန်းချုပ်ရေး ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်ငန်းများနှင့်အညီ အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန်ကို ထပ်မံပြောကြားတိုက်တွန်းလိုကြောင်း၊ ထို့အပြင် ရလမ်းမရှိနှင့် ရရန်မသေချာသည့် ကြွေးမြီ non-performing Loans (NPLs) များ ကြီးထွားလာသည့် ပြဿနာမျိုးရှောင်ရှားနိုင်ရန်အတွက် ဘဏ်ချေးငွေထုတ်ချေးရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ထုတ်ချေးမှုရှိမရှိကို အဆင့်ဆင့် ထိရောက်စွာ ကြပ်မတ်စစ်ဆေးသွားကြရန်၊ ကြွေးဆုံးများနှင့် ရလမ်းမသေချာသည့် ကြွေးမြီများအတွက် အထွေထွေလျာထားမှုများ ထားရှိရန်လည်း လွန်စွာအရေးကြီးကြောင်း။

လိုက်နာဆောင်ရွက်

မြန်မာနိုင်ငံဘဏ်များအသင်းဝင်ဖြစ်သည့် ဘဏ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နိုင်ကြရန် ကြိုးစားကြစေလိုကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နောင်တစ်နေ့တွင် စီးပွားရေးဇုန်များဖြစ်သည့် အထူးစီးပွားရေးဇုန်၊ ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်၊ စက်မှုအထူးဇုန်များ ဖွင့်လှစ်ဆောင်ရွက်သည့်အခါမှာလည်း ဘဏ်လုပ်ငန်းမှာ ပိုမိုအရေးပါမှာဖြစ်သည့်အတွက်ကြောင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များကလည်း ဘဏ်ဝန်ဆောင်မှုလုပ်ငန်းမှာ ယှဉ်ပြိုင်မှုစွမ်းအားအပြည့်ဖြင့် မိမိ၏အခန်းကဏ္ဍလျော့ကျမသွားစေအောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားလိုကြောင်း။

အရေးပါသောအခန်းကဏ္ဍ

သို့မှသာ ဘဏ်နှင့်ဆက်သွယ်လာကြသည့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဘဏ်ဝန်ဆောင်မှုမှတစ်ဆင့် စိတ်ချမ်းသာမှုပေးနိုင်အောင် ကြိုးပမ်းရမှာဖြစ်သကဲ့သို့ စည်းကမ်းတကျ၊ မှန်မှန်ကန်ကန်၊ လုပ်ငန်းဆောင်ရွက်ကြမှသာ မြန်မာနိုင်ငံတော်၏ဘဏ်လုပ်ငန်းကဏ္ဍ အောင်မြင်ဖြစ်ထွန်းပြီး ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာမှာ အရေးပါသောအခန်းကဏ္ဍမှ ထိရောက်စွာ ပါဝင်ထမ်းဆောင်ရာလည်း ရောက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်း ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက် (အဖိတ်နေ့)
၂၀-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀	၈။	နဂါးရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆:၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ ခုနှစ်)
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၇:၁၀	၆။	အကပဒေသာ
၁၇:၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇:၄၀	၉။	**“ချစ်သောမြေ ချစ်သောရေ”** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၄၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး”** (အပိုင်း-၇၃)
၁၉:၀၀	၁၄။	အဆိုပြိုင်ပွဲ
၁၉:၁၀	၁၅။	အတီးပြိုင်ပွဲ
၁၉:၂၀	၁၆။	(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၉:၃၅	၁၇။	အကပြိုင်ပွဲ
၁၉:၄၅	၁၈။	တေးဂီတအစီအစဉ်
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	ရုပ်မြင်သံကြားဇာတ်လမ်း **“သူရဲကောင်းများထွန်းကားသည်”** ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဥ္စာဦး၊ပန်းဖြူ၊ စိုးမြတ်နန္ဒာ (အပိုင်း-၁) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် သန်လျင်ပြည်သူ့ဆေးရုံကြီးသန့်ရှင်းသာယာရေးဆောင်ရွက် ဆေးပဒေသာပင်စိုက်ထူ၊ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရန်ကုန် မတ် ၁၉

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်နေ ပြည်သူများပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်လှပရေးနှင့် ဆေးပဒေသာပင်စိုက်ထူအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ ဆေးရုံလမ်းနှင့် ကျိုက်ခေါက်ဘုရားလမ်းဆုံအနီးရှိ အဆိုပါဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တပျော်တပါးဆောင်ရွက်

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စည်းရုံးရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်နှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အမှုဆောင်များ၊ သန်လျင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနှင့် ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများ၊ မြို့နယ်ပြည်သူများ စုစုပေါင်း အင်အား ၁၂၀၀ကျော်တို့က ၁၁ဒသမ ၄၃ဧက ကျယ်ဝန်းသည့် သန်လျင် ပြည်သူ့ဆေးရုံကြီး ဝင်းအတွင်း အမှိုက်လှည်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ စိမ်းလန်းစိုပြည် သာယာလှပစေရန် ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများကို နံနက်၆နာရီခွဲမှစတင်ကာ တပျော်တပါး ဆောင်ရွက်ကြသည်။

ဆက်လက်၍ နံနက်၇နာရီခွဲတွင် သန်လျင် ပြည်သူ့ဆေးရုံကြီးခန်းမ၌ သန်လျင် ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် စိုက်ထူအလှူငွေပေးအပ်ပွဲ အခမ်း အနားကိုကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် စိုက်ထူအလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူရှင်အသီးသီးက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက သန်လျင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း လေးလက်မ စက်ရေတွင်းတူးဖော်ရန်နှင့် ရေစုပ်စက်တပ်ဆင်ရန် မတည်လှူဒါန်းငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ကိုယ်စား တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ဆေးရုံကြီးအုတ်တံတိုင်း ကာရံရန်အတွက် မတည်လှူဒါန်းငွေ ကျပ် ငါးသိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဌာနကြီးမှူးများ ဖြစ်ကြသော ဒေါ်ညွန့်ညွန့်ဦးနှင့် ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးသိန်းဝင်းဇော်-ဒေါ်ခင်လတ်မင်း မိသားစုက ငွေကျပ် သုံးသိန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ (ငြိမ်း) ဒေါ်သိန်းဆိုင် စာရေးဆရာမကြီး (မမြတ်လေး) မိသားစုက ငွေကျပ် တစ်သိန်း၊ သန်လျင်မြို့မှ သီရိသုခမ္ဘသီဂီ ဒေါ်အေးအေးခန့်က ငွေကျပ် တစ်သိန်း တစ်သောင်း၊ ရန်ကုန် တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ငွေကျပ် ၁၁သိန်း၊ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင်မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးအောင်သန်းဝင်း မြရွှေဝါ ဆန်စက်က ငွေကျပ် တစ်သိန်းနှစ်သောင်း၊ သန်လျင်မြို့မှ ဦးရန်မြင့်ချို (အလူမီနီယံလုပ်ငန်း)က ငွေကျပ် နှစ်သိန်း၊ သန်လျင်မြို့မှ ဦးမြင့်သိန်း (ရွှေဆိုင်လုပ်ငန်း သန်လျင်လုပ်ငန်း)၊ သန်လျင်မြို့မှ ဒေါက်တာတင်တင်လှိုင်(ကျော်+ထက်ဆေးခန်း)၊ ခရမ်းမြို့မှ ကုန်သည် ဦးကြိုင်၊ ကျောက်တန်းမြို့မှ ဦးတင်ငွေ(အုတ်၊သဲ၊ ကျောက်လုပ်ငန်း)၊ သန်လျင်မြို့မှ ဦးမြင့်သိန်း (သစ်လုပ်ငန်း)၊ ကျောက်တန်းမြို့မှ ဦးလှထွန်း (ပွဲရုံလုပ်ငန်း) သုံးခွမြို့မှ ဒေါက်တာမြင့်သိန်း (ဆေးကုခန်း)၊ သုံးခွမြို့မှ ဦးမင်းဇင်ဦး (ဆေးအရောင်းဆိုင်)၊ ကော့မှူးမြို့မှ ဦးအေးနိုင် (ဆီကုန်သည်)၊ ဆိပ်ကြီးခနောင်တိုမြို့မှ ဦးမောင်မောင်တင့်(ဖိုးရာဇာကုမ္ပဏီ)၊ သန်လျင်မြို့မှ ဦးမြင့်ဦး(နေလဆောက်လုပ်ရေး)၊ သန်လျင်မြို့မှ ဦးမြသန်း (မြမြင့်မိုရ်တည်းခိုခန်း)၊ ခရမ်းမြို့မှ ကုန်သည် ဦးနိုင်လင်း၊ သန်လျင်မြို့မှ ဦးမျိုးသန့် (မိယာမိ သောက်ရေသန့်)၊ သန်လျင်မြို့နယ် ဗီဒီယိုလုပ်ငန်းရှင်များ ကိုယ်စား ဦးအေးသန်း၊ ဦးလှစိုး (စက်တပ်ရေယာဉ်အသင်း)၊ ဦးဝင်းကြိုင် (သန်လျင် အား/ကာ)၊ ဦးသော်တာဝင်း (မြစ်သဲကျောက်လုပ်ငန်း)၊ ကွမ်းခြံကုန်းမြို့မှ ကုန်သည် ဒေါ်တင်အိ၊ ရန်ကုန်မြို့မှ ဦးဝင်းနိုင်-ဒေါ်အိအိရွှေ (Asia Express)၊ သန်လျင်မြို့ ဝိဇ္ဇာလမ်းမှ ဒေါ်တင်တင်ခိုင်၊ တွံ့တေးမြို့ ပြဿတိုက်ကျေးရွာ ငါးလုပ်ငန်းရှင် ဦးမြင့်စိန်၊ တွံတေးမြို့ အုန်းပင်ချောင်ကျေးရွာမှ ဦးစောအလက်ဇန္ဒား၊ ဒလမြို့မှ တည်းခိုခန်းပိုင်ရှင် ဦးတင်အောင်မြင့်၊ ဒလမြို့မှ တည်းခိုခန်း ပိုင်ရှင် ဦးစိုးတင့်၊ သန်လျင်မြို့မှ ဦးကျော် (Lucky Seven) ဦးရှိန်အောင် (လမြတ်စတိုး)တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင် ၆၃ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၈၆၄၉၆၀၀ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်၊ သန်လျင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနှင့် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်တင်ဝေတို့က လက်ခံ ရယူကြပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် သန်လျင်မြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့်အတူ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပေးကြသည့် အလှူရှင်များ၊ ကူညီပံ့ပိုး ဆောင်ရွက်ပေးကြသည့် မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

တက်ရောက်အားပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး မြေကွက်လပ်၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူး၍ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးခြင်း အခမ်းအနားသို့ တက်ရောက်အားပေးပြီး မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အတူခြံစည်းရိုးကြက်ဆူပင် ၃၆၀တို့ကို တပျော်တပါး စိုက်ပျိုးပေးကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အနေဖြင့် အလှူရှင်များနှင့် ပူးပေါင်း၍ ယခုကဲ့သို့ဆေးရုံကြီးများ ဝန်းကျင် သန့်ရှင်းသာယာ စိမ်းလန်းစိုပြည်စေရေး၊ ဆေးပဒေသာပင်အလှူငွေစိုက်ထူလှူဒါန်းခြင်း လုပ်ငန်းများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တောင်ဥက္ကလာပမြို့နယ်ပြည်သူ့ဆေးရုံကြီး၊ အင်းစိန်မြို့နယ်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်ပြင်ပ၊ ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်ပြည်သူ့ဆေးရုံကြီးတို့တွင်ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ကျန်ရှိသည့် မြို့နယ်များရှိ ဆေးရုံကြီးများတွင်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးကြပ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

နိုင်ငံအရေးအတွက် ပိုများလာသည်။ စွပ်စွဲခံနိုင်ငံများကလည်း ဆတ်ဆတ်ထိမခံ ဒေါသတကြီး ပယ်ချပစ်ခဲ့ကြသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၄၈ခုနှစ်တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီး ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ခဲ့စဉ် လူသားအားလုံး၊ နိုင်ငံအားလုံး၊ ကမ္ဘာ့ပြည်သူအားလုံး အနှောင်အဖွဲ့ ကိုလိုနီနှောင်ကြိုး ကင်းဝေးလွှပ်လပ်ကြစေရန် ရည်ရွယ်သောစာတမ်းဖြစ်၍ အမေရိကန်နှင့် ဥရောပနိုင်ငံကြီးများက ဆန့်ကျင်ခဲ့ကြ၊ ချိုးဖောက်ခဲ့ကြခြင်းဖြစ်သည်။

၁၉၉၀ပြည့်နှစ်ဝန်းကျင်မှစပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများတွင် အမေရိကန်နှင့်ဥရောပက မိမိတို့လူများ ထိုးသွင်းနေရာယူစေနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ ပစ်မှတ်နိုင်ငံများမှ အတိုက်အခံ၊ ဆန့်ကျင်ဘက်၊ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၊ ပြည်ပြေးများကို ဒီမိုကရေစီရေးလှုပ်ရှားသူများအဖြစ် ဗန်းတင်ပေးကာ ယင်းအဖွဲ့များ၏ အစည်းအဝေးညီလာခံများသို့ တက်ရောက်ခွင့်ရအောင် ယင်းအဖွဲ့များရှိ ၎င်းတို့ လူများမှတစ်ဆင့် လုပ်ဆောင်ပေးခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၊ အိုင်အယ်လ်အို စသည့် အဖွဲ့များတွင် ၎င်းတို့လူများက တွင်ကျယ်နိုင်ချိန်မှစပြီး အမေရိကန်၏ ပစ်မှတ်နိုင်ငံများကို လူ့အခွင့်အရေးချိုးဖောက်မှု၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုတို့ဖြင့် လုပ်ကြံဖန်တီးစွပ်စွဲလာခဲ့သည်။ ထို့ကြောင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်သည် ဂုဏ်သိက္ခာညှိုးနွမ်းလာခဲ့ရတော့သည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစု၏ဆန္ဒအရ အထွေထွေညီလာခံဥက္ကဋ္ဌ ဂျန်အီလီယက်ဆန်က လက်ရှိကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကို အစားထိုးရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ထူထောင်ရန် အဆိုပြုလာခြင်းဖြစ်သည်။ အမေရိကန်က ထိုအစီအစဉ်ကို မလိုလား၊ လက်ရှိ ၎င်းတို့ခြယ်လှယ်ချုပ်ကိုင်နိုင်သော ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကိုသာ ဆက်လက်အသုံးပြုလိုသည်။ ယမန်နှစ်များက နိုင်ငံတကာ သတင်းများတွင် တရုတ်နိုင်ငံကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် ဆုံးဖြတ်ချက်ချရန် အမေရိကန်က အဆိုပြုလိုက်၊ ကော်မရှင်က ဆုံးဖြတ်ပေးလိုက်လုပ်ခဲ့ပုံများကိုလည်းကောင်း၊ ယခုနှစ်၌ တရုတ်ကို ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က အရေးယူရန် အမေရိကန်အနေဖြင့် အဆိုမပြုသေးဟု ပြောသည့်အတိုင်း ကော်မရှင်က တရုတ်လူ့အခွင့်အရေးကိစ္စကို ဘေးဖယ်ပေးနေပုံများကိုလည်းကောင်း အားလုံး ကြားသိကြပြီးဖြစ်သည်။

မတ်လ ၁၆ရက်နေ့ ဗွီအိုအေက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသစ် ထူထောင်ရန် အထွေထွေညီလာခံကြီးတွင် ထောက်ခံမဲ ၁၇၀၊ ကန့်ကွက်မဲ လေးမဲ၊ မဲမပေးဘဲနေသော သုံးနိုင်ငံတို့ဖြင့် တစ်ခဲနက် အတည်ပြုခဲ့ကြောင်း ထုတ်လွှင့်သွားသည်။ ကန့်ကွက်သော လေးနိုင်ငံမှာ အမေရိကန်၊ အစ္စရေး၊ မာရှယ်ကျွန်းနိုင်ငံနှင့် ပါလာအူလ်နိုင်ငံတို့ ဖြစ်သည်။ မဲမပေးသော သုံးနိုင်ငံမှာ ဗင်နီဇွဲလား၊ ဘီလာရုစ်နှင့် အီရန်တို့ ဖြစ်ကြသည်ဟု ဖော်ပြထားသည်။ လက်ရှိ လူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင်အများစုမဲဖြင့် ရွေးချယ်သော ကော်မရှင်ဝင်နိုင်ငံများတွင် အမေရိကန်အစိုးရ မလိုလားသည့် ကျူးဘား၊လစ်ဗျား စသည်တို့ပါတိုင်း အမေရိကန်က ကန့်ကွက်ခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆောင်ရွက်မှုနှင့် အမေရိကန်၏ ဗိုလ်ကျစွက်ဖက်ရေးမူဝါဒ ဆက်စပ်ရန် အမေရိကန်အစိုးရက လုပ်ဆောင်နေခြင်းပင် ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

သတင်းဆောင်းပါးဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၁၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အဆင့်မြင့်ဟိုတယ်ခြောက်လုံး ယခုလအတွင်း ပျဉ်းမနားတွင် စတင်ဖွင့်လှစ်မည်၊ အမေရိကန်ရှိ မြန်မာပိုင်အင်ဂျင်နီယာကုမ္ပဏီက မြန်မာအင်ဂျင်နီယာများကို ဦးစားပေးခန့်ထားရန် အလုပ်ခေါ်ယူ စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အာဟာရမမှီဝဲဘဲ တရားအားထုတ်သူ လုလင်ကလေး နေရာမှပျောက်သွား၊ ခရီးရှည်လေယာဉ်စီးသူများ သွေးပြန်ကြောသွေးခဲဖြစ်စဉ်အဖြစ်များ၊ ဆီးရီးယားအစိုးရ နိုင်ငံတကာဘဏ်လုပ်ငန်းတွင် ဒေါ်လာအစား ယူရိုငွေကြေးသို့ပြောင်း၊ နိုကီယာ လက်ကိုင်ဖုန်းကုမ္ပဏီ အိန္ဒိယ၌ အခြေစိုက်စက်ရုံဖွင့်လှစ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ အားကစား၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုလှူဒါန်းသော စိန်ဖူးတော်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

❐ **ရွှေဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)မှ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အောင်စည်အောင်မောင်းတီးခတ်ပူဇော်

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မောကိန္နရီတေးဂီတအဖွဲ့မှ စောင်းဒေါ်နီလာညို နှင့်တွဲဖက်၍ ဒေါ်ကြည်ကြည်ဝင်းရွှေက ထူးမခြားနားဗုဒ္ဓရောင်ခြည်တော်ဘွဲ့ကိုသီကျူးပူဇော်ပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်ပူဇော်သည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို သံဃာတော်များအားဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်၊ ပရိတ်တရားတော်များကိုရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ပက်ဖျန်းချည်နှောင်

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစု လှူဒါန်းသော စိန်ဖူးတော်ကိုလည်းကောင်း၊ ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် မိသားစု လှူဒါန်းသော စိန်အိုးတော်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မိသားစု လှူဒါန်းသော ငှက်မြတ်နားတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌအရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီးဒေါ်ခင်သန့်စင်တို့က ဆရာတော်ကြီးထံ ဆက်ကပ် လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဖွန်းဘုံများနှင့် ပရိက္ခရာ ရှစ်ပါး လှူဖွယ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုလှူဒါန်းသော စိန်အိုးတော်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသဓိဝံသ ထံမှ အနုမောဒနာ တရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော် တည်ဆောက်အကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်(၂) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင် နှင့် တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံ ဒေါက်တာလှသန်း တို့အား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စေတီတော်တည်ဆောက်ရေး အင်ဂျင်နီယာများ၊ ပန်းချီပညာရှင်၊ ကြေးသွန်းပညာရှင်၊ မြန်မာမှုပညာရှင်များအား ဂုဏ်ပြု ချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် ဗိသုကာအင်ဂျင်နီယာများကိုယ်စား စေတီတော်တည်ဆောက်ရေး ဗိသုကာပုံစံ အကြံပေး အင်ဂျင်နီယာ ဒေါက်တာလှသန်းက စေတီတော်အား မူလဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည် အပ်နှံသည့်စာတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စေတီတော် တည်ထားရာ၌မပြည့်စုံမှု၊ မှားယွင်းမှုများ ရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား ပန်ကြားသည်။

စိန်ဖူးတော်ပင့်ဆောင်

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ရန် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တိုင်းမှူးတို့သည် စိန်ဖူးတော်ကိုပင့်ဆောင်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်တို့က ပန်းကလပ်ကို ပင့်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စိန်အိုးတော်ကို ပင့်ဆောင်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၏ဇနီး ဒေါ်စန်းစန်းရီက ပန်းကလပ်ကို ပင့်ဆောင်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မိသားစု လှူဒါန်းသော ငှက်မြတ်နားတော်ကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပစ္စည်းများကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာ့အောင်လံတော်၊ စေတီတော်ဝတ္ထုကံမြေဂရန်နှင့် ပရိက္ခရာ ရှစ်ပါး လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရွှေကြာသကၤန်းတော်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အေးရှားဝေါလ် ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်သည် တပ်မတော်(လေ)မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်းနှင့် စေတီတော် တည်ဆောက်ရေး ဗိသုကာပုံစံ အကြံပေး အင်ဂျင်နီယာ

ငှက်မြတ်နားတော်ပင့်ဆောင်

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဖွန်းဘုံများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓဝင်၊ သမိုင်းဝင်၊ စေတီပုထိုးများကို ကြည့်ရှုကြည်ညိုကြစဉ်။

(သတင်းစဉ်)

ရေစက်သွန်းချ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က ငှက်မြတ်နားတော်ကိုလည်းကောင်း ပင့်ဆောင်ပေးကြသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက ရွှေကြာသင်္ကန်းတော်၊ စစ်ဉပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများက ရွှေကြာသင်္ကန်းတော်များ၊ ဆည်းလည်းများကို ပင့်ဆောင်ကြသည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဒေဝါဝင်း ရာဇာဝင်းတို့နှင့်အတူ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ မင်္ဂလာရထားပျံမဏ္ဍပ်သို ပင့်ဆောင်ရာတွင် မင်္ဂလာစည်တော်သံများကို သီကျူးပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဖွန်းဘုံများကို မြလေယာဉ်ကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံပေါ်သို့ တင်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက မဟာမင်္ဂလာမော်ကွန်းစာကို ဖတ်ကြားသည်။

ထို့နောက်မင်္ဂလာအချိန်ကျရောက်သည်နှင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အမွှေးနံ့သာများ ပက်ဖျန်း ပူဇော်ထားသည့် ဖွန်းဘုံများကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

(သတင်းစဉ်)

ဖွန်းဘုံများတင်လှူသည်နှင့်တစ်ပြိုင်တည်းမှာပင် စေတီတော်အထွတ်၌ အသင့် ပြင်ဆင်ထားပြီး ဖြစ်သည့် ရွှေထီးတော်များကို တာဝန်ရှိသူများက တပ်ဆင် လှူဒါန်းပူဇော်ပေးကြသည်။

ဆက်လက်၍ ငှက်မြတ်နားတော်ကို အမွှေးနံ့သာများ ပက်ဖျန်းပူဇော်၍ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စိန်ဖူးတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ ပန်းများ၊ အမွှေးနံ့သာများဖြင့် ပူဇော်သည်။

ယင်းနောက် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊

သာသနာ့အောင်လံတော်၊ ရွှေကြာသင်္ကန်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

တင်လှူပူဇော်

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်အထက်သို့ တက်ရောက်၍ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးကြသည်။

ဆက်လက်၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ရေစင်ရေသန့်၊ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယန္တောဗောဓိယာမူလေအစချီသော အောင်ဂါထာတော် နှစ်ပုဒ်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် စေတီတော်အထွတ်တွင် သာသနာ့အောင်လံတော်ကို လွှင့်ထူကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းပြီး မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်တို့သည် စေတီတော်ဂန္ဓကုဋိတိုက်အတွင်း အရှေ့အရပ်ရှိ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ စေတီတော်အား ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူ ပူဇော်ပေးကြစဉ်။

(သတင်းစဉ်)

ပတ္တမြားမျက်ရှင်ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း၍ မြသပိတ်တော်ဖြင့် ဆွမ်းကိုလည်းကောင်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ပန်းတို့ကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား ရွှေကြာသင်္ကန်းနှင့် မြသပိတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဇနီး ဒေါ်စန်းစန်းရီနှင့် အဖွဲ့ဝင်များသည် ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းတော်များနှင့် မြသပိတ်များကို ဆက်ကပ်လှူဒါန်းကြသည်။

အနေကဇာတင်တော်မူ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဉက္ကဋ္ဌ မကွေးဆရာတော် အမှူးပြုသည့် ဆရာတော်သံဃာတော်များက ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်နှင့်ဂန္ဓကုဋိတိုက်အတွင်းရှိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် သာသနာရေးဦးစီးအရာရှိဦးစန်းမောင်က အမျှပေးဝေ၍ နတ်ဒေဝါများအား ပြန်လည်ပို့ဆောင်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓဝင်၊ သမိုင်းဝင်စေတီပုထိုးများကို လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ ဗောဓိပင်အား မြေဆီ

မြေဆီသြဇာ ထည့်သွင်းပူဇော်

နိုင်ငံတော် ဝန် ကြီး ချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စေတီတော် ရင်ပြင် အ ဂ်ါ ထောင့် ရှိ ဗော ဓိ ပင် အား မြေဆီ သြဇာများ ထည့်သွင်း ပူဇော်စဉ်။

(သတင်းစဉ်)

သြဇာများထည့်သွင်း၍ ရေစင်ရေသန့်များ၊အမွှေးနံ့သာရည်များသွန်းလောင်းပူဇော်ကြသည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဉာဏ်တော်အမြင့် ၁၃၅ပေရှိ ရွှေတိဂုံစေတီတော်ပုံတူ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အား လက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် စေတီတော်ပရဝဏ်ရှိ ရန်တိုင်းအောင် ဓမ္မာရုံ၌ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဧရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်တိုင်းအတွင်းရှိ စာဖြေဌာနများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည်အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ်၁၈ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနသို့ ရောက်ရှိပြီး ကြီးကြပ်ရေးမှူးနှင့်အတူ စာမေးပွဲမေးခွန်းနှင့်အဖြေလွှာများ ကျောင်းသား ကျောင်းသူ များသို့ ဖြန့်ဝေပေးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရန်ကင်းမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စာဖြေဌာန အမှတ်(၁)နှင့် အမှတ်(၂)တို့ကို ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာဖြေဌာနသို့ လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ စာဖြေဌာနသို့ရောက်ရှိပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက် ကြီးကြပ်ရေးမှူး များအား တွေ့ဆုံအမှာစကားပြောကြားကာ ဆေးရုံကြီးစာဖြေဌာန၌ စာမေးပွဲ ဖြေဆိုနေကြသော ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားသည်။

ဝန်ကြီးသည် စာဖြေဌာနများမှ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ် ရေးမှူးများအား စာမေးပွဲဆိုင်ရာ စည်းကမ်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရန်၊ စာမေးပွဲဖြေဆိုသူများ စိတ်အနှောင့်အယှက်မဖြစ်စေဘဲ စိတ်လက်ကြည်သာစွာ ဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြရန်နှင့် စာမေးပွဲကို မသမာမှု ကင်းရှင်းပြီး စနစ်တကျ ဖြေဆိုနိုင်ရေး အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဒ္ဒန္တကေသဝ(ပျော်ဘွယ်)ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာနယ်လှည့်သာသနာပြု ဓမ္မကထိကဆရာတော် ဘဒ္ဒန္တကေသဝ(ပျော်ဘွယ်)သည် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ချုပ်တွင် မတ် ၂၀ရက်မှ ၂၉ရက်အထိ လည်းကောင်း၊ တာချီလိတ်မြို့ မိုးကုတ်ရိပ်သာ(၃၄၈)တွင် ဧပြီ ၈ရက်မှ ၁၇ရက်အထိ လည်းကောင်း၊ မိုင်းယောင်းမြို့ မိုးကုတ် ဓမ္မရိပ်သာတွင် ဧပြီ ၁၉ရက်မှ ၂၅ရက်အထိလည်းကောင်း၊ နောင်မွန်မြို့ မိုးကုတ်ဓမ္မရိပ်သာတွင် ဧပြီ ၂၇ရက်မှ မေ ၆ရက်အထိလည်းကောင်း၊ လှိုင်ကော်မြို့နယ် လှိုင်လင်လေးရွာ မိုးကုတ်ဓမ္မရိပ်သာတွင် မေ ၈ရက်မှ ၁၄ရက်အထိလည်းကောင်း၊ တောင်ကြီးမြို့ မိုးကုတ်ဓမ္မရိပ်သာ(၂၅)တွင် မေ ၁၇ ရက်မှ ၂၆ ရက်အထိလည်းကောင်း၊ မိုးဗြဲမြို့ မိုးကုတ်ဓမ္မရိပ်သာတွင် မေ ၂၉ရက်မှ ဇွန် ၄ရက်အထိလည်းကောင်း ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး မြတ်တရားကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရန် ငွေလှူဒါန်း

ရန်ကုန် မတ် ၁၉

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်တွင် ဆောင်ရွက်လျက်ရှိသော ဘက်စုံမွမ်းမံပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်သောလုပ်ငန်းဖြစ်သည့် ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရန်အတွက် စစ်ကိုင်းတိုင်း ကောလင်းမြို့နေ ဦးသန်းမောင်–ဒေါ်ခင်သက်တင် မိသားစုက ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးကျော်–ဒေါ်ညွန့်နှင့် မောင်ဖြစ်သူ ဦးလှအောင်တို့အား ရည်စူး၍ အလှူငွေ ကျပ် ၃၆၈၅၀၀ကို ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် အဝေးရောက်ဂေါပကအကျိုးဆောင် ဦးဆန်းထံ မတ်၁၅ရက်က ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အလားတူ ကျိုက်ထီးရိုးစေတီတော် မြတ်ကြီးအတွက် အလှူငွေများလှူဒါန်းလိုပါက ဦးဆန်း အမှတ် ၂၁ ပန်းခြံလမ်း(စမ်းချောင်းမီးသတ်အနီး)စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉–၅၀၀–၁၇၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အားညစာတည်ခင်း

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)သည်ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာသတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E.Mr.Shao Huaze ခေါင်းဆောင်သောတရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ တို့သည် တစ်ဦးချင်း အပြန်အလှန်မိတ်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

အပြန်အလှန်နှုတ်ခွန်းဆက်

ဆက်လက်၍မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr.Shao Huaze တို့သည် အပြန်အလှန်နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲအပြီးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr.Shao Huaze တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအား တရုတ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား မြန်မာ–တရုတ် နှစ်နိုင်ငံစာနယ်ဇင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သော တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့လာရောက်တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်အတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်နှင့် စာတည်းမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှတ်တရ

တွေ့ဆုံပွဲအပြီးတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များပေးအပ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာသတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E.Mr.Shao Huaze အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

သာမဏေကျော်ဆရာတော် တရားပွဲ

ရန်ကုန် မတ် ၁၉

ကချင်ပြည်နယ် ဖားကန့်မြို့နေ ဦးမြင့်နိုင်–ဒေါ်နန်းမို့မို့ (မြမြင့်မိုရ်တွင်ခုံ) မိသားစုက ဖားကန့်မြို့ မြို့ဦးတောရ ကျောင်းတိုက်အတွင်း၌ ဆောက်လုပ် ပြီးစီးသွားသော မြမြင့်မိုရ်သိမ်ကျောင်းဆောင် ကျောင်းလွှတ်ပူဇာမွေ့သဘင်တရားပွဲကို မတ်၂၆ရက်(တနင်္ဂနွေနေ့)ည ၇နာရီ၌ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပဲခူးမြို့ သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသ [သစသအဓမ္မာစရိယ [°B.A (Myanmar)Q°] မဟာဂန္ထဝါစကပဏ္ဍိတ မထေရ်မြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

* ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ခရမ်းရေထိန်းတံခါးသို့ ရောက်ရှိလာပြီး ရေထိန်းတံခါး အခြေအနေနှင့် ရေသိုလှောင် ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေထိန်းတံခါး စီမံကိန်း ရှင်းလင်းဆောင်အနီး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်နှင့် မျိုးစေ့များ ပျိုးထောင်စိုက်ပျိုးပေးကြပြီး ဒေသခံပြည်သူများ၏ မျိုးစေ့များ ပျိုးထောင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေထိန်းတံခါး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေထိန်းတံခါးဆိုင်ရာ အချက်အလက်များ၊ ရေထိန်းတံခါးမှ ရေပေးဝေနိုင်မှု အခြေအနေ၊ ရေထိန်းတံခါးဖြင့် မိုးရာသီ ဒီရေတက်ချိန်၌ ရေများကုန်းတွင်းသို့ ဝင်ရောက်မှုမှ ကာကွယ်နိုင်ပြီး မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်၍ စိုက်ပျိုးရေ အလုံအလောက် ပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်မြို့တော် ဝန်းကျင်မိုင် ၃၀ပတ်လည် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးအတွက် မြစ်ရေတင် စီမံကိန်းများ၊ ရေထိန်းတံခါးများဖြင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေနှင့် စိုက်ပျိုးရေ ရာသီမလပ်ရရှိနိုင်ရန်အတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးက ရေထိန်းတံခါး ရေရှည်ကြံ့ခိုင်မှုရရှိအောင် စနစ်တကျထိန်းသိမ်းကြရန်၊ စိုက်ပျိုးရေ လေလွင့်မှု မရှိအောင် စနစ်တကျ ထိန်းသိမ်းပေးကြရန်နှင့် ရန်ကုန်မြို့တော် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးအတွက် ဝိုင်းဝန်းစီမံဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပဲခူးမြစ်ကိုဖြတ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ရန်ကုန်-သန်လျင် တံတားအမှတ်(၂)စီမံကိန်းသို့ ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် (တံတား) ဦးမြင့်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပံ့ပိုးပေး

ထို့နောက် တိုင်းမှူးက စီမံကိန်း အမြန်ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားပံ့ပိုးဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားကွန်ကရစ်ကြမ်းခင်းပြီးစီးမှုနှင့် ရေလယ်တိုင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး စေတီတော်ရင်ပြင်တော်ရှိ သာသနိက အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁) နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးကျော်သူ အီဂျစ်အာရပ်သမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလီဟူစိန် အယ်လ်ဒင်၊ အယ်လ်ဟတ်ဖ်နီ၏ ဖိတ်ကြားချက်အရ အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့၌ကျင်းပမည့် မြန်မာ-အီဂျစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ကိုင်ရိုမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရန်ကုန်မြို့ရှိ အီဂျစ်အာရပ်သမ္မတနိုင်ငံသံရုံး သံအမတ်ကြီး မစ္စတာမိုဟာမက် မိုဟာမက်၊ မင်နာစီတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲအား ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ပြခန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲအား အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ၂၆-၃-၂၀၀၆ရက်မှ ၄-၄-၂၀၀၆ရက်အထိ အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Hotel Glory ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၉

Hotel Glory ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉နာရီခွဲက အမှတ် ၅၇၄ အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်ရှိ အဆိုပါ ဟိုတယ်ရှေ့တွင် ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ Hotel Glory အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ပြုံး၊ ဒါရိုက်တာ ဒေါ်လှလှအေးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ Hotel Glory အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ပြုံးနှင့် ဒါရိုက်တာ ဒေါ်လှလှအေးတို့က ဖဲကြိုးဖြတ်၍ Hotel Glory အား ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)** ထို့နောက် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က Hotel Glory ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက ဟိုတယ်အတွင်း ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

စည်းကမ်းမဲ့ ပုံ့ကျဈေးသည် ဖယ်ရှားရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်း ဘူတာလမ်း အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းရှေ့နှင့် (၃)လမ်းတစ်လျှောက်တွင် ပုံ့ကျဈေးသည်များ ရောင်းချနေကြပါသည်။ (၃)လမ်းတွင် ဈေးရောင်းချရန် ဈေးရုံဆောက်လုပ်ထားသော်လည်း ဈေးဆိုင်ခန်းများတွင် ရောင်းချခြင်းမရှိပါ။

သို့ပါ၍ ပုံ့ကျဈေးသည်များအား ဈေးဆိုင်ခန်းများတွင် စနစ်တကျ ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဘူတာလမ်းသား

ယာဉ်မဝင်ရ တားမြစ်ထားသော်လည်း ဝင်ရောက်နေ

စာတည်းခင်ဗျား-

ရေနံချောင်းမြို့ မြို့မဈေးကြီးမြောက်ဘက်တွင် ယာဉ်မဝင်ရ ဆိုင်းဘုတ်ရေးသားတားမြစ်ထားသော်လည်း မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားနှင့် ကုန်တင်ယာဉ်များ ဝင်ရောက်လျက်ရှိပါသဖြင့် ဈေးဝယ်လာသူများအတွက် ယာဉ်အန္တရာယ်များဖြစ်ပေါ်နိုင်ပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

ဝါးခယ်မ ကြာကွင်းကျေးရွာမှ ဒေါက်တာရမ်းကု အရေးယူပေးပါ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေလိမ်ကျေးရွာအုပ်စု ကြာကွင်းကျေးရွာတွင် ဆရာဝန်တစ်ဦးကဲ့သို့ ဆေးထိုးအပ်ကိုင်ပြီး ဆေးကုသည့် အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ တစ်ဦးရှိပါသည်။

၎င်းဒေါက်တာရမ်းကု၏ ဆေးထိုးဆေးကုသမှုကြောင့် ဒုက္ခရောက်သူပေါင်းများလှပါပြီ။

အဆိုပါ ဒေါက်တာရမ်းကုအား သက်ဆိုင်ရာမှ အရေးယူ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျေးတောသား

သတိပဋ္ဌာန် ကားပွဲစားတန်း ဖယ်ရှားပေးပါ

စာတည်းရှင့်-

ကျွန်မတို့ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် အတွင်းရှိ သတိပဋ္ဌာန်လမ်း၊ နိဗ္ဗာနလမ်း၊ မဂ္ဂင်လမ်းနှင့် ဣန္ဒြာသယလမ်းတို့တွင် တရားမဝင် ဖွင့်လှစ်ထားသည့် သတိပဋ္ဌာန် ကားပွဲစားတန်း၌ မော်တော်ယာဉ်များကို ရောင်းဝယ်နေပါသည်။ ယင်းသို့ ရောင်းဝယ်နေရာ လမ်းများ၌ ယာဉ်များကို ယာဉ်ကြော ပြောင်းပြန်ရပ်ထားခြင်း၊ အရောင်း အဝယ် မဖြစ်သည့်နေ့များတွင် ချဲဒိုင်ကိုင်ခြင်း၊ ဘောလုံးလောင်းကစားခြင်း၊ မူးယစ် သောက်စားရမ်းကားခြင်း၊ လမ်းသွားလမ်းလာ အမျိုးသမီးငယ်များအား နောက်ပြောင် ပြောဆိုခြင်းများ ပြုလုပ်နေကြသည့်အတွက် ရပ်ကွက်အတွင်း နေထိုင်သူများအဖို့ စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။

သို့ပါ၍ ယင်းကားပွဲစားတန်းအား သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

ရပ်ကွက်အတွင်းမှ အုတ်ဖုတ်လုပ်ငန်း ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့ အမှတ်(၁)ရပ်ကွက် အေးမြရွှေပြည်မြို့သစ်တွင်အုတ်ဖုတ်လုပ်ငန်းရှင်တစ်ဦးသည် ရပ်ကွက်ထဲတွင် ခြံများဝယ်ယူပြီး အုတ်များဖုတ်လျက်ရှိရာ အုတ်ဖိုမှ ထွက်ရှိသော ဖွဲညှော်များကြောင့် ရပ်ကွက် အတွင်းရှိ ပြည်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိပြီး အုတ်ဖိုများမှ ဖွဲမီးများကြောင့် မီးဘေးအန္တရာယ်ပါ စိုးရိမ်နေရပါသည်။

သို့ပါ၍ ရပ်ကွက်အတွင်းမှ အုတ်ဖုတ်လုပ်ငန်းကို ပြောင်းရွှေ့ပေးပါရန် တင်ပြလိုက်ရပါသည်။

ရပ်ကွက်သားများ

လောင်းကစားဘောလုံးပွဲရုံ အရေးယူပေးစေလို

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ရှိ ရွှေမြိုင်သီရိနယ်မြေ လမုတန်းကွင်းရပ် ရွှေဝါထွန်းလမ်းထိပ်ရှိ အခန်းကျယ် တစ်ခုတွင် ညစဉ် ဘောလုံးပွဲများ ပြသ၍ လောင်းကစားနေကြပါသည်။

မီးမလာသည့်အခါ မီးစက်နှိုး၍ ပြသရာ မီးစက်သံကြောင့် ပတ်ဝန်းကျင်အိမ်များအနှောင့်အယှက်ဖြစ်ရပါသည်။ သို့ပါ၍ အဆိုပါ လောင်းကစားရုံအား အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

လမုတန်းသား

သာကေတ ၆ ရပ်ကွက် အမှိုက်ပုံရှင်းလင်းပြီး

၃၀-၁-၂၀၀၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် ဇမ္ဗူသီရိ(၂)လမ်းနှင့်(၃)လမ်းအကြား **"အမှိုက်ပုံအား ရှင်းလင်းပေးပါ"** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ပရီမီယာရှစ်ဘောလုံးပွဲများ ဆက်လက်ယှဉ်ပြိုင် မန်ယူနှင့် အာဆင်နယ်တို့ ခြေစွမ်းပြအနိုင်ယူ

လန်ဒန် မတ် ၁၉

ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲများကို မတ် ၁၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူ၊ အာဆင်နယ်၊ တော့တင်ဟမ်၊ ဘလက်ဘန်း၊ ပို့စ်မောက်နှင့်ဘော်လ်တန်တို့အသီးသီးအနိုင်ရရှိပြီး ရမှတ်များတိုးခဲ့သည်။

မန်ချက်စတာ ယူနိုက်တက် အသင်းသည် ဝက်စ်ဘရွန်းအသင်းကို နိုင်ပြီး လူးဝစ်ဆာဟာ၏ နှစ်ဂိုးဖြင့် ယင်း၏ဒုတိယနေရာကို ခိုင်မြဲအောင် ချည်နှောင်ထားလိုက်သည်။ ကြောင်း၊ နစ္စတယ်ရှိုင်းအတွက် စိတ်မကောင်းပါကြောင်း၊ ၎င်းအနေဖြင့် သည်းခံရန် အရေးကြီးကြောင်း မန်နေဂျာ ဖာဂူဆန်က ဆက်လက်ပြောကြားသည်။

အာဆင်နယ်မှ အွန်နရီ၊ ပီရက်စ်၊ အဒီဘာယာနှင့်အလက်ဇန္ဒားဟက်ဘ်တို့သည် အထူးခြေစွမ်းပြကစားသွားကြသည်ကို တွေ့ရသည်။

ဝက်စ်ဘရွန်းနှင့် မန်ယူပွဲတွင်မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ရာ ဂိုးသွင်းရှင် လူးဝစ်ဆာဟာ (အလယ်) **နှင့် မန်ယူကစားဖော်များ။**
(အင်တာနက်)

ပြင်သစ်တိုက်စစ်မှူး လူးဝစ်ဆာဟာသည် ပွဲစပြီး ၁၆မိနစ်အကြာတွင် ရှိုင်ယန်ဂစ်၏ ထောင့်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူလိုက်ရာ ဝက်စ်ဘရွန်းဂိုးသမား ညာဘက်အပေါ်ထောင့်ထဲသို့လှလှပပဂိုးဝင်သွားခဲ့သည်။

ကာကွယ်

ဝက်စ်ဘရွန်းတို့ ချေပဂိုးရရှိရေးအတွက် ပြန်လည်တိုက်စစ်ဆင်ကစားရာ မန်ယူဂိုးသမား ဗန်ဒါဆာ ပထမပိုင်းတွင် နှစ်လုံးကာကွယ်လိုက်ရသည်။ သို့ရာတွင် ဒတ်ချ်ဂိုးသမား ဗန်ဒါဆာသည် ပွဲပြီးရန် ၁၂မိနစ်အလိုတွင် နာသန်အယ်လင်တန်၏ ဂိုးဖြင့် ချေပဂိုးအသွင်းခံလိုက်ရသည်။အယ်လ်လင်တန်၏ဂိုးကြောင့် ဝက်စ်ဘရွန်းတို့မန်ယူကိုဖိအားပိုကောင်းလာသည်။

သို့ရာတွင်ဧည့်သည်အသင်းဖြစ်သည့် မန်ယူတို့ယင်းတို့၏အောင်မြင်မှုကို ပွဲပြီးအထိယူဆောင်သွားနိုင်ခဲ့သည်။

ထိုနေ့က မန်ယူအသင်း မန်နေဂျာက လူးဝစ်ဆာဟာ၏ ခြေစွမ်းပြကစားနေမှုကြောင့် နစ္စတယ်ရှိုင်းအား လုံးဝထည့်ကစားခြင်းမရှိဘဲ အရန်ခုံ၌ ထိုင်ခိုင်းထားလိုက်သည်။ နစ္စတယ်ရှိုင်းသည် မန်ယူက ဝီဂန်အသင်းအပေါ် ကားလင်းဖလားယှဉ်ပြိုင်အနိုင်လုဗိုလ်စွဲခဲ့စဉ်ကတည်းက ၎င်းအားထည့်မကစားသဖြင့် နည်းပြ ဖာဂူဆန်နှင့် အဆင်မပြေဖြစ်ခဲ့ရသည်။ လွန်ခဲ့သော နှစ်ပွဲ၌ နစ္စတယ်ရှိုင်းအား ပွဲပြီးခါနီး ၁၀ မိနစ်အလိုတွင် ထည့်ကစားသော်လည်း ယခုပွဲ၌မူ လုံးဝထည့်မကစားဘဲ ထားလိုက်သည်။

မန်ယူတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့်တတိယနေရာမှလီဗာပူးအသင်းထက် ငါးမှတ်အသာရရှိထားသည်။

ဖာဂူဆန် ဆိုစကား

မိမိအနေဖြင့် ရူဗန်နစ္စတယ်ရှိုင်းကို အလွန်ကောင်းသော တိုက်စစ်မှူးကောင်း တစ်ယောက်ဖြစ်ကြောင်း သိရှိကြောင်း၊ နောက်တစ်ပွဲတွင် အခွင့်အလမ်း ရရှိလိမ့်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

သို့ရာတွင် နစ္စတယ်ရှိုင်း၏ နေရာတွင် လူးဝစ်ဆာဟာက အကောင်းဆုံးကစားပြီး ဂိုးများ သွင်းယူလာသဖြင့် အသိအမှတ်ပို၍ ပြုလာရ

အာဆင်နယ်နှင့် ချာလ်တန်

အာဆင်နယ်က ဟိုက်ဘူရီကွင်း၌ ချာလ်တန်အသင်းကို သင်ခန်းစာများပေးပြီး သက်သောင့်သက်သာဖြင့် သုံးဂိုးသွင်းယူပြီး အနိုင်ရရှိသွားသည်။

အာဆင်နယ်၏ အဖွင့်ဂိုးကို ပွဲချိန် ၁၃မိနစ်တွင် အာဆင်နယ်ကစားသမားလေးယောက်က အချိတ်အဆက် မိမိ အကွက်လှလှ ဖန်တီးပြီး ရောဘတ်ပီရက်စ်က သွင်းယူလိုက်သည်။

အာဆင်နယ်မှ အဒီဘာယာသည် အာဆင်နယ်က ဖိကစားလာသည့် ဒုတိယပိုင်းတွင် ဟက်ထရစ် ဂိုးသွင်းမည့် အနေအထားသို့ ရောက်ခဲ့သည်။ ၎င်းသည် ပထမပိုင်းပွဲချိန် ၃၂ မိနစ်တွင် အာဆင်နယ်၏ ဒုတိယ မြောက်ဂိုးကို သွင်းထားနိုင်ခဲ့သူ ဖြစ်သည်။

ပွဲချိန် ၄၉မိနစ်တွင် ပီရက်စ်ကန်သွင်းလိုက်သည့် ဘောလုံးမှာ တိုင်ထိပြီး ပြန်ထွက်လာရာ အလက်ဇန္ဒားဟက်ဘ်က ဘောလုံးကို မြေသို့မကျဘဲ ကန်သွင်းယူလိုက်သည်။ အာဆင်နယ်အသင်းက အချိတ်အဆက် မိမိဖြင့် အပေးအယူ လုပ်ကစားနေသဖြင့် ချာလ်တန်တို့ ကစားကွက် ဖန်တီးခွင့်မရဘဲ ဂိုးမရရှိဘဲ ဖြစ်သွားရသည်။

စုစည်းရေးသားသူ
မြင့်မောင်စိုး

အာဆင်နယ်နှင့် ချာလ်တန်တို့ ယှဉ်ပြိုင်ကစားရာတွင် အာဆင်နယ်မှ အလက်ဇန္ဒားဟက်ဘ်၏ ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။ (အင်တာနက်)

အာဆင်ဝင်းဂါး ဆိုစကား

မိမိအသင်းသည် ပွဲစဉ်တစ်လျှောက် တစ်ဖက်အသင်းကို ဖိကစားနိုင်ခဲ့ကြောင်း၊ စောစီးစွာ သွင်းဂိုးရစဉ် ကစားကွက် ပိုကောင်းအောင်ကစားနိုင်ခဲ့ကြောင်း၊ သို့ရာတွင် အသင်းအတွင်း ယုံကြည်မှုပြန်လည်ရယူနေရဆဲဖြစ်ကြောင်း၊ အဝေးကွင်းများတွင် အနိုင်ကစားရန် အရေးကြီးကြောင်း၊ လူငယ်ကစားသမားများ သွက်သွက်လက်လက် ကစားလာနိုင်သည်ကို တွေ့ရသဖြင့် အသင်းအတွက် အလွန့်အလွန်ပင် ဝမ်းသာပီတိဖြစ်မိကြောင်း ပြောကြားသွားသည်။

အခြားပွဲရလဒ်များ

အဲဗာတန်	**လေးဂိုး**	–	**အက်စ်တွန်ဗီလာ**	**တစ်ဂိုး**
မန်စီးတီး	**ဂိုးမရှိ**	–	**ဝီဂန်**	**တစ်ဂိုး**
ဘလက်ဘန်း	**သုံးဂိုး**	–	**မစ်ဒယ်ဘရော့**	**နှစ်ဂိုး**
ဝက်စ်ဟမ်း	**နှစ်ဂိုး**	–	**ပို့စ်မောက်**	**လေးဂိုး**
ဘော်လ်တန်	**နှစ်ဂိုး**	–	**ဆန်းဒါးလင်း**	**ဂိုးမရှိ**
ဘာမင်ဂမ်	**ဂိုးမရှိ**	–	**တော့တင်ဟမ်**	**နှစ်ဂိုး။**

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲများ ယနေ့ စတင်ယှဉ်ပြိုင်ကစားကြမည်

လန်ဒန် မတ် ၁၉

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ်၂၀ရက် (ယနေ့) **ညပိုင်းတွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။**

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲအဖြစ် ယနေ့ညပိုင်းတွင် မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အားထား

မန်စီးတီးအသင်းသည် ပရီမီယာရှစ်တွင် ဝီဂန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးထားသည်။ အက်ဖ်အေဖလားကွာတားဖိုင်နယ်အတွက် ပို၍ အားထားပုံရသည်။

ထို့အတူ ဝက်စ်ဟမ်းအသင်းသည်လည်း ပို့မောက်အသင်းကို နှစ်ဂိုး–လေးဂိုးဖြင့် ပရီမီယာရှစ်တွင် ရှုံးနိမ့်ထားသည်။ နှစ်သင်းစလုံး အက်ဖ်အေဖလားအတွက် အားခဲနေကြပုံရသည်။

သို့ရာတွင် မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းထက် အနည်းငယ်ခြေစွမ်းသာသည်။ မန်စီးတီးတို့ အနိုင်ရမည်ဟု မျှော်လင့်ရသည်။

ခက်ခဲစွာယှဉ်ပြိုင်

မတ်၂၁ရက်တွင် ဘာမင်ဂမ်အသင်းနှင့် လီဗာပူးအသင်းတို့ လည်း အက်ဖ်အေဖလား ကွာတားဖိုင်နယ်ကစားကြမည်။ ဘာမင်ဂမ်အသင်းသည် ပရီမီယာရှစ်တွင် တော့တင်ဟမ်ကို ရှုံးထားသည်။ သို့ရာတွင် လီဗာပူးအသင်းသည် ဘာမင်ဂမ်အသင်းကို အနိုင်ရရှိရန် ခက်ခဲစွာယှဉ်ပြိုင်ကစားရလိမ့်မည်ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်ရာသီတွင် နောက်ဆုံး မျှော်လင့်ချက်ဖလားဖြစ်၍ မဖြစ်မနေ အကြိတ်အနယ် ကစားလိမ့်မည် ဖြစ်သည်။ လီဗာပူးတို့ဘင်ဖီကာကိုရှုံးပြီး ချန်ပီယံလိဂ်မှလည်း ထွက်ခဲ့ရပြီ ဖြစ်သည်။ ၎င်းဖလားသည် ဘင်နီတက်ဇ်၏ နောက်ဆုံးမျှော်လင့်ချက်ပင် ဖြစ်ပေလိမ့်မည်။

အကြိတ်အနယ်နွှဲရမည်

မတ် ၂၂ ရက်တွင် ပရီမီယာရှစ် ချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် နယူး

ကာဆယ် အသင်းတို့၏ အကြိတ်အနယ်ပွဲဖြစ်သည်။ ချယ်လ်ဆီးအသင်း မန်နေဂျာ မော်ရင်ဟို၏ ဖလားသုံးလုံးရရှိရေး မျှော်မှန်းချက်တွင် အက်ဖ်အေဖလားပါဝင်သည်။ ချယ်လ်ဆီးတို့ အမှတ်ပေးလိဂ် ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်လိမ့်မည်ဟု ဆိုသော်လည်း အက်ဖ်အေဖလားပြိုင်ပွဲတွင် အကြိတ်အနယ် နွှဲရလိမ့်မည်ဖြစ်သည်။

ခြေစွမ်းတက်လာ

နယူးကာဆယ် အသင်းသည် မန်နေဂျာဆောင်းနက်စ် ထွက်သွားပြီး နောက်ခြေစွမ်းတက်လာသည့် အသင်းဖြစ်သည်။ သို့ရာတွင် ချယ်လ်ဆီးကစားသမားများ၏ တိုက်စစ်ကို အလူးအလဲ ကာကွယ်ရလိမ့်မည် ဖြစ်သည်။

မတ်၂၃ ရက်တွင် ချာလ်တန်နှင့် မစ်ဒယ်ဘရော့ အသင်းတို့လည်း အကြိတ်အနယ် ခြေစွမ်းပြကြလိမ့်မည်ဖြစ်သည်။ ယင်းတို့ နှစ်သင်းသည် ပြီးခဲ့သော ပရီမီယာရှစ်ပွဲစဉ်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ချာလ်တန်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရသည့် ရလဒ်ရှိထားသည်။ သို့ရာတွင် ချာလ်တန်တို့ အိမ်ကွင်းတွင် အနိုင်ရလိုက်ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ရောက်ရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြလိမ့်မည်ဖြစ်သည်။ **(အင်တာနက်)**

အက်ဖ်အေဖလားပဉ္စမအကျော့၌ ဘော်လ်တန်နှင့်ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘော်လ်တန်မှ ဂျေဂျေအိုကိုချာ (ယာ) **ဘောလုံးကို ဟန့်တားနေစဉ်။**
(အင်တာနက်)

ရှာရာပိုဗာ၏ ၂၀၀၆ခုနှစ်အတွက်ပထမဆုံးဖလား ပစိဖိတ်အိုးပင်းတင်းနစ်၌ အနိုင်ရဗိုလ်စွဲ

ကယ်လီဖိုးနီးယား မတ် ၁၉

ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်၌ ကျင်းပသော ပစိဖိတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီး ပွဲစဉ်တွင် ရုရှားနိုင်ငံသူ မာရီယာရှာရာပိုဗာက တစ်နိုင်ငံတည်းသူ ဒီမင်တီဗာအား အနိုင်ရရှိပြီး ဆုဖလားကြီးကို ရယူနိုင်ခဲ့ပြီဖြစ်သည်။

ရုရှားသူ ရှာရာပိုဗာသည် တစ်နိုင်ငံတည်းသူ ဒီမင်တီဗာအား ၆–၁၊ ၆–၂ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သူမသည် ပြိုင်ပွဲကို တစ်နာရီနှင့်၂၂မိနစ်ကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲတက်ရောက်

သူမသည် အကြိုဗိုလ်လုပွဲတွင် ဆွစ်ဇာလန်မှ မာတီနာဟင်းဂစ်ကိုနိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ မာတီနာဟင်းဂစ်က ကမ္ဘာ့နံပါတ်(၂) လင်ဆေးဒါဗင်ပို့တ်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဒီမင်တီဗာသည် ဂျူစတင်ဟာနင်ဟာဒင်းကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံဖြစ်ခဲ့

ရှာရာပိုဗာနှင့် ဒီမင်တီဗာတို့ နှစ်ကြိမ်ဆုံဆည်းခဲ့ရာတွင် ရှာရာပိုဗာက ပထမဆုံးအကြိမ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျူစတင်ဟာနင်ဟာဒင်းသည် အဆိုပါ ပစိဖိတ်အိုးပင်းပြိုင်ပွဲ၏ ချန်ပီယံဖြစ်ခဲ့သည်။

ယမန်နှစ်က အဆိုပါဖလားကို ဗိုလ်စွဲခဲ့သော ဘယ်လ်ဂျီယံသူ ကလိုက်စတားစ်သည် ယခုနှစ်စောစောပိုင်းက

ပစိဖိတ် အိုးပင်းတွင် ဗိုလ်စွဲသွားသော ရှာရာပိုဗာအား ဆုနှင့်အတူ တွေ့ရစဉ်။ (အင်တာနက်)

ဩစတြေးလျအိုးပင်းတွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ပြိုင်ပွဲ၌ ဝင်ရောက်ကစားနိုင်ခြင်း မရှိခဲ့ပေ။

ယခုပြိုင်ပွဲသည် ရှာရာပိုဗာ၏ ၂၀၀၆ခုနှစ်အတွက် ပထမဆုံးသော ဖလားဖြစ်ကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သောနှစ် အောက်တိုဘာလကတည်းက ဖလားတစ်လုံး မျှရခဲ့ခြင်း မရှိသေးချေ။

(အင်တာနက်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးချစ်လွင် [ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကြံပေးအရာရှိ၊ (ဘူမိ)၊ ဆည်မြောင်းဦးစီးဌာန]–ဒေါ်ခင်ဝင်းမြင့် (အထပြ၊ ငြိမ်း)တို့၏သား

မောင်ညီညီလွင်

B.E (Civil) (YTU), M.Sc (Civil) (NUS),
Senior Design Engineer (Ehub Pte-Ltd. Singapore)

နှင့်

မန္တလေးမြို့နေ ဦးမြလွင် [ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကြံပေးအရာရှိ၊ (စက်မှု)၊ ဆည်မြောင်းဦးစီးဌာန]–ဒေါ်ခင်ခင်အေးတို့၏သမီး

မယမင်းရွှေရည်

B.C (Tech) (UCSM)

တို့အား ၂၆–၂–၂၀၀၆ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားသူကြီး ဦးသန်းထွန်း၊ ၅–၃–၂၀၀၆ရက် (တနင်္ဂနွေနေ့) မဟာသင်္ဃိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင်ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်သက်ဝါ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့်ဇနီး ဒေါ်နွယ်နွယ်ယု၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် ချောကေသွယ်အောင်၊ သတို့သားအရံ ဝေဖြိုးခိုင်၊ သတို့သမီးအရံ စောစန္ဒီအောင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သားသား သုတထွန်း၊ မီးမီး စုမြတ်နန္ဒာစိုး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်၊ မိတ်ကပ် ကိုမာ၊ မင်္ဂလာမှတ်တမ်းတင်ပေးသော Apple ဗီဒီယိုနှင့်ဓာတ်ပုံ၊ ပန်းအလှဆင်ပေးသော ကိုမင်းဦး၊ မသန္တာ၊ မဟာသင်္ဃိသုခမှဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆည်မြောင်းဦးစီးဌာန (ဘူမိ) (စက်မှု) (မြို့ပြ)ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်တကွ ကျေးဇူးတင်ထိုက်သူ အားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ညီညီလွင်–မယမင်းရွှေရည်။

ပုဇွန်တောင်မြို့နယ်၌တည်ထားကိုးကွယ်သည့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်၌ တည်ထားကိုးကွယ်သည့် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏(၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး စေတီတော်ကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သီလခံယူ

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ရွှေဘုန်းပွင့် ရွှေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လောင်းလှူ

ထို့နောက် မြတ်စွာဘုရား အမှူးပြုသော သံဃာတော် အရှင်သူမြတ် ၁၅၅ပါးနှင့် သီလရှင် ၄၅ပါးတို့သည် ဦးရွှေဝွန်းလမ်း၊ လိပ်ကန်လမ်း၊ ရေကျော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်ကြီးလမ်း၊ သဇင်လမ်းနှင့် ဦးရွှေဝွန်း လမ်းတိုတစ်လျှောက် ဆွမ်းဆန်စိမ်းအလှူခံကြွရောက်ကြရာ လမ်းတစ်လျှောက်တွင် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့်ဆက်ကပ်လောင်းလှူကြသည်။ **(အပေါ်ပုံ)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ်၁၅ရက်မှ ၁၉ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ မတ်၁၅ရက်မှ၁၈ရက်အထိ ညစဉ်ဓမ္မကထိကဆရာတော်အရှင်သူမြတ်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ခဲ့ပြီး မတ်၁၉ရက် နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်ပွဲနှင့်ဆွမ်းတော်ကြီးတင်ပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။**(သတင်းစဉ်)**

ပါမောက္ခ ဒေါက်တာနိုင်ပန်းလှအတွက် မွေးနေ့ဆုမွန်လွှာ

ချစ်ခင်ပွန်း–ချစ်ပါပါ–ချစ်ပါနွတ်–ပါမောက္ခ ဒေါက်တာနိုင်ပန်းလှ၏ (၈၃)နှစ်မြောက် မင်္ဂလာမွေးနေ့ ၂၀–၃–၂၀၀၆ရက်မြတ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ဘက်စုံပညာအရာမှာ ထာဝစဉ်ဆက်လက်ထူးချွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဇနီး – **မိသိန်းနွယ်–ရွှေတောင်ကြားရိပ်သာ၊ ရန်ကုန်။**
ချစ်သမီး – **မိခင်ခင်လှ–ဒေါက်တာမန်းစိုးမြင့်၊ ပြည်လမ်း ရန်ကုန်**
ချစ်သားများ – **မင်းအေးချမ်း–မိတင်တင်စိန်၊ မင်းမေချမ်း–မိသစ်သစ်၊ မင်းလှိုင်းထော–မိကြည်ကြည်ဆန်း၊ မင်းအေးချို–မိနှင်းဆီ၊ မင်းလှိုင်းစွန်း။**
ချစ်မြေးများ – **မင်းကွန်ထော–မိနှင်းဖြူပြာဟန်၊ မိမေစိုးမွန် [˚B.Sc.(Hons) Physics]၊ မင်းလှထော (B.C.Sc, Hons)၊ မင်းထောမွန် (Gran' Bird Co., Ltd.-Tokyo)၊ မိမေလှိုင်းကြည်(London Vocational & Management Training Business School, U.K)၊ မင်းဗညားထော (Deck Cadet ကြယ်ငါးပွင့်) မိဥမ္မာချမ်း (Final Year-Yangon Cooperative Degree College)၊ မိအိမွန်ချမ်း (First Year-English for Professional Purpose)၊ မင်းတင်ဦးချို (First Year-MP GTC, Thanlyin)။**
ချစ်မြစ်လေး – **မိသိုက်ညြန်ထော။**

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်း၏ဇနီး **“ဒေါ်နန်းမောက်လော့ဝ်ဆိုင်”**အား **“သီရိသုဓမ္မသင်္ဂီ”**ဘွဲ့ကို ၁၃–၃–၂၀၀၆ရက်တွင် နိုင်ငံတော်က အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်ခြင်းခံရသည့်အတွက် အတိုင်းအဆမရှိ ဝမ်းမြောက်စွာ ဂုဏ်ယူမိပါကြောင်းနှင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပြီး လှူဒါန်းမှုများ ဆက်လက်ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်သူငယ်ချင်းများ

မအေး၊ ဖြူဖြူ၊ စံဟွမ်၊ မမြင့်၊ ယင်းမာ၊ နန်းထန်၊ Baby Doll ။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇော်ဝင်းအေး၏ ပိုက်ဆံအိတ်သည် ၁၈–၃–၂၀၀၆ ရက်တွင် ကျပျောက်သွားပါသဖြင့် ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင် ပါသွားပါသည်။ တွေ့ရှိပါက ကျေးဇူးပြု၍ အောက်ပါဖုန်းသို့ ဆက်သွယ်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/မရက(နိုင်)၀၅၈၀၆၆၊ ယာဉ်မောင်းလိုင်စင် ခ/၂၄၄၈/၇၉။

ဖုန်း–၅၂၅၅၈၀
၅၁၃၇၉၈။

Office Staff မ–၂ဦး အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

အသက်(၁၈မှ၂၅နှစ်)အတွင်း၊ အနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင်၊ ဆက်ဆံရေးပြေပြစ်သူ၊ ဓာတ်ပုံတစ်ပုံ၊ အောင်မြင်ကြောင်း အထောက်အထားများ၊ အလုပ်သမားကတ်မိတ္တူနှင့်တကွ လူကိုယ်တိုင်လာရန်၊ ကြော်ငြာပါသည့်နေ့မှ ငါးရက်အတွင်း (၁၀နာရီမှ ၁နာရီအတွင်း)။

N.T.E Co., Ltd.

အမှတ် ၈၃၊ လေးလွှာ၊ ပန်းဆိုးတန်းလမ်း(တရားရုံးချုပ်နှင့်ကပ်လျက်တိုက်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်ရှင်း အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေး အသိပညာပေး

ရမ်းဗြဲ မတ် ၁

ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယက ဒေါ်ဝင်းဝင်းနု ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက ရမ်းဗြဲမြို့ အမှတ် ၆ ရပ်ကွက် မြို့မအားကစားလေ့ကျင့်ရေးကွင်း(၁)၌ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရမ်းဗြဲမြို့ပေါ်မှ ရပ်ကွက်ပြည်သူများအား အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ဝင်းဝင်းနုနှင့်အတူ ရခိုင်ပြည်နယ် ကျန်းမာရေးမှူး၊ ကျောက်ဖြူခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက၊ ကျောက်ဖြူခရိုင် တရားသူကြီးနှင့် ခရိုင်ကျန်းမာရေးဌာနမှ ကလေးအထူးကု ဆရာဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ဝင်းဝင်းနုက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်များ၊ ဆေးလိပ်သောက်ခြင်းနှင့် မိခင်လောင်းတို့၏ ကျန်းမာရေးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့်အတူ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်နေမှုတို့နှင့် အမျိုးသမီးများဘဝ ရရှိနိုင်သော အခွင့်အရေး၊ ဥပဒေတို့နှင့်စပ်လျဉ်းပြီး အသိပညာပေး ဆွေးနွေးဟောပြောသွားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလမ်းမြို့၌ ခြစည်းရိုးကြက်ဆူမျိုးစေ့ စုပေါင်းပျိုးထောင်

ဖလမ်း မတ် ၈

ခြစည်းရိုးကြက်ဆူမျိုးစေ့ စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို မတ် ၁ ရက် နံနက် ၉နာရီက ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာတွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှုက ခြစည်းရိုးကြက်ဆူပျိုးထောင်ရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးတင်လှုနှင့်ဇနီး ဒေါ်ခင်စောမူ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခြစည်းရိုးကြက်ဆူမျိုးစေ့ တစ်သိန်းကို တောင်ဇလပ်ရိပ်သာတွင် စုပေါင်းပျိုးထောင်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငပုတောမြို့နယ် အလုံဒီပါရုံဘုရား ဗုဒ္ဓပူဇနိယပွဲ

ငပုတော မတ် ၄

ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ငပုတောမြို့နယ် ရှေးဟောင်းသမိုင်းဝင် လေးဆူဒီပါ ပျဉ်းမချောင်း အလုံဒီပါရုံဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၆၇ခုနှစ်၊ တပေါင်း လပြည့်ကျော် ၁၀ရက်မှ တန်ခူးလဆန်း ၃ရက်) မတ် ၂၃ရက်မှ ၃၁ရက်အထိ ပျော်ပွဲရွှင်ပွဲဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကတ္တရာလမ်းထပ်ပိုးလွှာခင်း

လက်ပံတန်း ဖေဖော်ဝါရီ ၂၈

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော အမှတ် ၂ လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမင်းနှင့် လက်ထောက်အင်ဂျင်နီယာတို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေါက်တောမြို့ အမှတ်(၃)ရပ်ကွက် မြို့ပတ်လမ်း ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမုခ်ဦး၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၁-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မန္တလေးတိုင်း၏ မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ)

၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (လူမှုဝန်းကျင် ကဗျာထဲက ဇာတိမာန်စာ) (ညွန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (သင်လည်း အကောင်းမြင်ဝါဒီ ဖြစ်နိုင်ပါတယ်) (ဒေါက်တာအောင်မြင့်-ဆေး/မန်း)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ဂုဏ်ယူပါသည် သားကောင်းစစ်သည်)

၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဓာတ်သတ္တုရှာဖွေရေးအကြောင်း)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-ဘောဂဗေဒတတ်ကျွမ်းမှု)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (ရွှေခေတ်မြန်မာ)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာရေးနှင့် ညီညွတ်စေတဲ့ လမ်းလျှောက်နည်း) (ဒေါက်ထွေး-ဆေး/မန်း)

၁၇း၄၀ ဆွေးနွေးခန်း (တပ်မတော်နေ့ ဝတ္ထုတို၊ ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများနှင့် ဆွေးနွေးခန်း)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မရိုးနိုင်တဲ့မရိုး)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ)

၂၀း၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (နိုင်ငံတော်ကိုချစ်တဲ့ သားကောင်းစစ်သည်တော်)

ကဝမြို့၌ မိုးစပါးစိုက်ဧကပြည့်မီရေး တာဝန်ပေးအပ်

ကဝ မတ် ၆

ကဝမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးစိုက်ဧက ပြည့်မီစွာစိုက်ပျိုးရေးအတွက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မတ် ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်နှင့် မြို့နယ်မြေစာရင်း ဦးစီးဌာန ဦးစီးမှူးဦးစိုးဝင်းတို့က ရပ်ကွက်၊ ကျေးရွာအလိုက် စိုက်ဧကများနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှက ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများအား တစ်ဦးချင်း တာဝန်ပေးအပ်ကြပြီး **(အောက်ပုံ)** ကဝမြို့နယ်၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၀၁၉၄၄ ဧက အပြည့်အဝစိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။ (၂၄၀)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်သော ပထမလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မတ် ၁၃ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ထွန်း၊ လမ်းကော်မတီဝင် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးကြိုင်နှင့် ဦးလှဝင်းတို့ ကွင်းဆင်းကြီးကြပ်ပေးကြစဉ်။

(၁၅၈)

သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် ရေတွင်း၊ ရေကန်များ စနစ်တကျ သုံးစွဲရေးဟောပြော

ပုဏ္ဏားကျွန်း မတ် ၁၀

နဝမအကြိမ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် သန့်ရှင်းရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မတ် ၄ ရက် နံနက်က စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်အသင်း ဥက္ကဋ္ဌ ဒေါ်ငွေငွေဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့များ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ စားသောက်ဆိုင်များ စစ်ဆေးခြင်း၊ ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ် သုံးစွဲရေးအတွက် စစ်ဆေးဟောပြောခြင်း၊ ရေကောင်းရေသန့် သုံးစွဲရေးအတွက် ရေတွင်း၊ ရေကန်နှင့် ရေတိုင်ကီများ စနစ်တကျသုံးစွဲရေး စစ်ဆေးဟောပြော ခြင်း စသည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ် ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက် ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျိုင်းငမ်း(၂)လမ်း အရှည် ၁၂၇၅ပေ၊ အကျယ် ၁၈ပေ လမ်းတိုးချဲ့ ကတ္တရာထပ်ပိုးလွှာ တင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ရွဲလမ်း အမှတ် (၁၀၈)နေ ဘွားဘွားဒေါ်ရှုကြောင်အား ဦးထိပ်ထား၍ မိဘ ဦးတင်ဝင်း–ဒေါ်တင်တင်အေးတို့ကို အမှူးပြုပြီး မြေးများဖြစ်ကြသော မအေးအေးဝင်း၊ မနီနီဝင်း၊ မောင်မျိုးဝင်း Ever love သတို့သမီးဝတ်စုံအငှားဆိုင် မောင်နှမများက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ ဘုရားစေတီရံသုံးဆူအတွက် အလှူတော်ငွေကျပ် သုံးသိန်းဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ကြို့ပင်ကောက် ဓမ္မရိပ်သာ၌ ပဋိစ္စသမုပ္ပါဒ်သင်တန်း ပြုသ

ကြို့ပင်ကောက် မတ် ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ပဓာနဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒစာရ၏ ဩဝါဒကိုခံယူ၍ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၃၂)ဓမ္မရိပ်သာတွင် မတ် ၁၀ရက်မှ ၁၃ရက်အထိ တတိယအကြိမ်မြောက် ကျောင်းသူကျောင်းသားလူငယ်များ ပဋိစ္စသမုပ္ပါဒ်သင်တန်းကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာသနဓဇ ဓမ္မာစရိယ မိုးကုတ်ဓမ္မကထိက ဆရာတော် ဦးကောသရ ဦးစီးပြီး ဟောပြောပြသခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် ခြေပူး၊ လက်ပူးဝေဒနာရှင်များ ကုသိုလ်ဖြစ် ခွဲစိတ်ကုသရေးလုပ်ငန်း စဝ်စံထွန်းဆေးရုံ၌ကျင်းပ

တောင်ကြီး မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဦးဆောင်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် ခြေပူး၊ လက်ပူးဝေဒနာရှင်များအား ကုသိုလ်ဖြစ်ခွဲစိတ်ကုသရေးလုပ်ငန်းကို မတ် ၅ရက်မှ ၈ရက်အထိ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ကျင်းပသည်။

မတ် ၆ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် စဝ်စံထွန်းဆေးရုံသို့ သွားရောက်၍ ခွဲစိတ်ကုသမှုခံယူနေကြသော မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် ခြေပူးလက်ပူး ဝေဒနာရှင်များကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မွေးရာပါနှုတ်ခမ်းကွဲ၊အာခေါင်ကွဲနှင့် ခြေပူးလက်ပူးဝေဒနာရှင်များကို ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊တောင်ကြီးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဦးဆောင်ကြီးကြပ်ပြီး လူနာ ၁၂၁ဦးကို အခမဲ့ခွဲစိတ် ပြုပြင်ပေးကြသည်။ ထိုသို့ခွဲစိတ်ပြုပြင်ရာတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့်အစားထိုးခွဲစိတ်ရေးရာဌာနမှ တာဝန်ခံဆရာဝန်ကြီးဒေါက်တာနုနုရီ ဦးဆောင်သည့်အဖွဲ့က ခွဲစိတ်ကုသပေးကြသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မတ် ၇ ရက်က စဝ်စံထွန်းဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူနေကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဝေဒနာရှင် ၁၂၁ဦးအတွက် အဝတ်အစားနှင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ဖြင့် စုစုပေါင်းငွေကျပ် ၅၀၀၀၀၀ကို သွားရောက်လှူဒါန်းကြသည်။**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဝန်ထမ်းများ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့်အသင်းဝင်များ၊မြို့နယ်စည်ပင် သာ ယာ ရေး အဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များစုပေါင်း၍ ဖေဖော်ဝါရီ၂၀ရက် က ကိုးသောင်းဘုရားတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

အပြို့ မြို့ အနယ်နယ် သတင်းများ

ဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲ ကျင်းပမည်

ကျိုက်ထို မတ် ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုလ္လဘရဟန်းခံ၊ ရှင်သာမဏေပြုပွဲနှင့် သီလရှင်ဝတ်ပွဲကို မိဘနှစ်ပါးဖြစ်ကြသော ဦးခင်မောင်မောင် [ဒုတိယဝန်ကြီး(ငြိမ်း) အမှတ်(၁)စက်မှုဝန်ကြီးဌာန]နှင့်(ဒေါ်မိမိခင်)(သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်ပထမဆင့်)တို့အားရည်စူး၍ ကျိုက်ထိုမြို့နယ်ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇောတိက(မဟာသဒ္ဓမ္မဇောတိကဓဇ)အား အမှူးထားပြီး သားသမီးများဖြစ်ကြသော ကိုတိုး၊ ကိုစိုး၊ ကိုဖြိုးနှင့် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် (မန္တလေးမြို့တော်ဝန်)နှင့် ဇနီးဒေါ်မိုးသီတာတို့က မတ်၃၁ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အုတ်ဖိုမြို့ မိုးညိုတန်းလမ်း စကြံ်ကပ်တုံးများဆောင်ရွက်

အုတ်ဖို ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးအတွက် မိုးညိုတန်းလမ်းတစ်လျှောက် စကြံ်ကပ်တုံးများ ဆောင်ရွက်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ၁၄ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးအေးမြင့်နှင့်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ဝ၇၄)**

ကျန်းမာရေးညီညွတ်ရန် သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးနှင့် ရပ်ကွက်ဈေးများတွင် ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးမှူး ဦးခင်အောင်နီ ဦးစီးသော သန့်ရှင်းရေး ဝန်ထမ်းများ စုပေါင်း၍ မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ညနေဈေးတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်စေရန်အတွက် ဈေးသန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေ ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

တိုက်ကြီးမြို့ မြို့မဈေးအတွင်း မတ်၇ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ စုပေါင်းဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်အတွင်းရေးမှူး ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ထန်းတပင်မြို့နယ်၌ လုပ်ငန်းညှိနှိုင်း

ထန်းတပင် မတ် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၁၂ရက် နံနက် ၉နာရီခွဲက ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေ**(အပေါ်ပုံ)**နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက အဖွဲ့လိုက်ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမြသာနှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အသင်းဝင်အင်အားနှင့် အသင်းခွဲအင်အားအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းလပ်မြို့၌စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျိုင်းလပ် ဖေဖော်ဝါရီ ၂၁

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈နာရီက ဝမ်ကျင်းရပ်ကွက် မဲခေါင်ခန်းမရှေ့နှင့် လမ်းဘေးဝဲယာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

သန့်ရှင်းရေးဆောင်ရွက်

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမင်းနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးခင်မောင်အေးနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးမြင့်လွင်ဦးတို့က ကြီးကြပ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။**(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့် မြန်မာနိုင်ငံဘဏ်များအသင်း ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်လမ်းရှိ အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သမဝါယမဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းပွားအကအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဘဏ်များအသင်း ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

မင်းဘူး ပြည် ဘားအံ	၄၀ ဒီဂရီ စင်တီဂရိတ်

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ခရမ်းရေထိန်းတံခါး ကြည့်ရှုစစ်ဆေး ရေထိန်းတံခါးရေရှည်ကြံ့ခိုင်ရေး၊ စိုက်ပျိုးရေလေလွင့်မှုမရှိအောင် စနစ်တကျထိန်းသိမ်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ *

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါး အခြေအနေနှင့် ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

20-3 (20).p65 1 1/2/32, 1:12 PM